
www.burmeseclassic.com

မြတ်ပန်းရဂုံပုံပြင်များ-၈

# ရွှေပင်အောက်ကနတ်သမီးနှင့် ကမ္ဘာဒိုက်မင်းကြီးဖြတ်ထုံးပုံပြင်များ

မင်္ဂလာချင်အောင်



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် * ၅၁၀၀၂၄၀၅၀၄
မျက်နှာဖုံးခွင့်ပြုချက်အမှတ် * ၅၁၀၀၂၅၀၅၀၅
ပထမအကြိမ် * ၂၀၀၅ – ခုနှစ်၊ ဇွန်လ
အုပ်ရေ * ၁၀၀၀
အဖုံးပန်းချီ * ရွှေမိုးဟန်
အတွင်းပန်းချီ * သာတင့်ထက်
ကွန်ပျူတာစာစီ * Dream City

ထုတ်ဝေသူ
ဦးခင်မောင်ဦး (မြ – ၀၄၀၇၃)
၄၇၃ (က)၊ နီလာ (၆) လမ်း၊ (ဂ) ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

အဖုံးနှင့် အတွင်းစာပုံနှိပ်သူ
ဦးအောင်မြင့်သိန်း (မြ – ၀၆၃၆၄)
အင်ကြင်းမြိုင် ပုံနှိပ်တိုက်
အမှတ် (၁၄၇)၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး – ၁၅၀ိ







# ရွှေပင်အောက်က နတ်သမီး

နှင့်

# ကြမ္မာဒိုက်မင်းကြီးဖြစ်ထုံးပုံပြင်များ

## မင်္ဂလာစျင်အောင်

မြတ်ပန်းရဂုံ စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန် အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄)**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မာတိကာ


| | | |
|---|---|---|
| ၁။ | မည်သူ့ပို၍ ပျက်သနည်း | ၁ |
| ၂။ | မည်သူ ကျေးဇူးကြီးသနည်း | ၉ |
| ၃။ | လုလင်သုံးယောက်နှင့် ကညာတစ်ယောက် | ၁၇ |
| ၄။ | သူကြွယ့်သမီး သေဆုံးမှု | ၂၃ |
| ၅။ | ဤသုံးယောက်သည် အဘယ်ကြောင့် | ၃၁ |
| ၆။ | မည်သူ အပေဖြစ်သင့်သနည်း | ၃၉ |
| ၇။ | အတတ်အသီးသီးပြကြရာဝယ် | ၄၉ |
| ၈။ | အသိမ်မွေ့ဆုံး မည်သူနည်း | ၅၇ |
| ၉။ | မည်သူ ထူးလွန်းသနည်း | ၆၇ |
| ၁၀။ | ရွှေပင်အောက်က နတ်သမီး | ၇၅ |
| ၁၁။ | မည်သူ ပိုင်သင့် မပိုင်သင့် | ၈၅ |
| ၁၂။ | အသိမ်မွေ့ဆုံး ပညာ | ၉၃ |
| ၁၃။ | ကျေးဇူး အကြီးဆုံးသူ | ၁၀၁ |
| ၁၄။ | သေသူကို ရှင်စေသတည်း | ၁၀၉ |
| ၁၅။ | ကျိုးလော မြွေလော ပုဏ္ဏားလော | ၁၁၇ |
| ၁၆။ | အချုပ်တည်းနိုင်ဆုံးလူ မည်သူနည်း | ၁၂၃ |


www.burmeseclassic.com

www.burmeseclassic.com

# ယည်းသူပိုရှိပျက်သနည်း



www.burmeseclassic.com

www.burmeseclassic.com

"အရှင်မင်းကြီးဟာ ပညာအမြင်နဲ့
ခံင်ခြင်ပြီး တရားဆုံးဖြတ်ရာမှာ
သတင်းကြီးလှပါတယ်၊
ဒါကြောင့် လုံနဲ့ထိုးတဲ့ သူခိုးရယ်၊
ကွမ်းသီးခြံပိုင်ရှင်ရဲ့ မိန်းမရယ်။
သည်နှစ်ဦးမှာ ဘယ်သူဟာ
ပျက်ပါသလဲဘုရား"



## မည်သူ့ဝို၌ ပျက်သနည်း

ဇော်ဂျီသီတာသည် ကြမ္မာဒိုက်မင်းကြီးအား ဤသို့ လျှောက်ထား၏။

"အရှင်မင်းကြီး၊ ကျွန်တော်မျိုး ပုံပြင်တစ်ပုဒ် လျှောက်ထားပါရစေဘုရား။ ရှေးသရောအခါက ပါဋလိပုတ်ပြည်မှာ သူဌေးသားတစ်ယောက် ရှိပါတယ် ဘုရား။ သူဟာ ကျေး တစ်ကောင်နဲ့ ဇရက် (ဆက်ရက်)မတစ်ကောင်ကို မွေးထားပါတယ် ဘုရား"

တစ်နေ့သောအခါတွင် ဆက်ရက်မသည် ကျေးသားနှင့် မြူးထူးလိုကြောင်း စကားစသည်။ ထိုအခါ ကျေးသားက မိန်းမတွေ မကောင်းကြောင်းပြောကာ အပြစ်တင်သည်။

"အမောင်ကျေးသား၊ ယောကျ်ားတွေသာ မကောင်းတာပါ၊ မိန်းမတွေဟာ ကောင်းပါတယ်၊ အမောင် မယုံရင် နားထောင်"

"ရှေးရှေးတုန်းက မဓုရာပြည်ကြီးမှာ ကုန်သည်တစ်ယောက် ရှိလေရဲ့။ သူ့သားက ကစားသမား။ အဲဒီကစားသမားဟာ ကြွေအန်လောင်းကစားရင်း ရွှေဖန်များတော့ ကြွေးတွေ ပတ်လည်

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းလာပါလေရော။ သူဟာ ကြွေးတွေမဆပ်နိုင်ရင် အသတ်ခံရကောင်းခံရမယ်။ တရားစွဲခံရပြီး အရှက်ကွဲကောင်း ကွဲမယ်။ အဲဒါကြောင့် တစ်ရပ်တစ်ကျေးကို ထွက်ပြေးတာပေါ့"

သို့သော် လူမိုက်ကား ကံကောင်း၏။ အကြောင်းသော်ကား ကစားသမားလုလင်အား ကုန်သည်တစ်ဦးက သမီးနှင့်ပေးစားပြီး ကုန်သည်အလုပ်ကို အလုပ်ခိုင်းသောကြောင့် ဖြစ်ပေ၏။ ထို့နောက် ဆက်လက်ဖြစ်ပွားပုံကို ဆက်ရက်မက ပြောသည်မှာ ဤသို့-

"ကစားသမား လူမိုက်ဟာ ကျေးဇူးမသိတတ်ဘူးလေ။ တစ်နေ့မှာ မယားနဲ့ ပွဲလမ်းသဘင်ကို အတူသွားရာက အပြန်မှာ မယားကို ခြိမ်းခြောက်ပြီး လက်ဝတ်လက်စားတွေကို ချွတ်ယူထွက်ပြေးပါလေရော။"

"မယားဟာ မအေ့အိမ်ကို ပြန်လာတယ်။ ဓားပြတိုက်ခံရတယ်လို့ပဲ ပြောပြီး သူ့လင် ယုတ်မာပုံကို ထိန်ချန်ထားတာကလား။ သူယုတ်မာလည်း ရသွားတဲ့ဥစ္စာတွေကို ကြွေအန်ကစားလိုက်တာ ကုန်ပြန်ပါရော။ ကုန်ပြီးတဲ့နောက် စားစရာတောင်မရှိတဲ့အခြေအနေကို ရောက်တဲ့တစ်နေ့မှာ ယောက္ခမအိမ်ကို တိစ္ဆာတိတ်ကလေး ပြန်လာတယ်။"

သူယုတ်မာက သူ့မယားသည် မိဘအိမ်သို့ ပြန်ရောက်နိုင်မည် မထင်။ ထို့ကြောင့် လှည့်ဖြားအသနားခံကာ စားဝတ်နေရေး ဖြေရှင်းရန် စိတ်ကူးထားသည်။ သို့ရာတွင် အိမ်လှေကားအကွယ်မှ သူ့မယား ရုတ်တရက်ထွက်လာသည်။ လင်ကို ခြေ



ဆေးပေးရင်း တီးတိုးပြောသည်။

"လမ်းမှာ ဓားပြတိုက်ခံရတယ်လို့ ကျွန်မ ပြောထားတယ်၊ ဘာမှ ဏ္ဍာနွေပျက်စရာ မလိုဘူး"

ထိုစကားမှာ အမှန်ပင် ဖြစ်သည်။ ယောက္ခမကုန်သည်ကြီးက မသေမပျောက် ပြန်ရောက်လာသေသည်ဟု သမက်အား ဝမ်းသာအားရ ကြိုဆိုသည်။ ရက်အတန်ကြာ အပန်းဖြေနားနေနိုင်ပြီးနောက် ကုန်သည်လှည်းတစ်ဖွဲ့ကို ဦးစီးခိုင်းကာ သမီးနှင့် သမက်အား လွှတ်လိုက်လေ၏။ သူယုတ်မာက ယုတ်မာမှုကို မပျောက်နိုင်။ သုံးလေးခေါက် ကုန်ကူးအပြီးတွင် ယောက္ခမ၏ ဥစ္စာများကို ခိုးယူထွက်ပြေးသွားလေ၏။

ဆက်ရက်မသည် ပုံပြင်အဆုံးတွင်

"အဲဒါကြောင့် မကောင်းတာဟာ မိန်းမတွေ မဟုတ်ဘူး ရှင့်၊ ရှင်တို့ ယောကျ်ားတွေ"

ဟု ချေပလေ၏။

"ဟား ဟား ဟား၊ ဒီလိုတမ်းလား၊ ဒီလိုတမ်းဆိုရင် ငါကလည်း ပြောရတာပေါ့ကွ"

ကျေးသားပြောသော ပုံပြင်မှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

တစ်ရံရောအခါက ရွာတစ်ရွာတွင် ကွမ်းသီးခြံပိုင်ရှင်တစ်ယောက် ရှိ၏။ ထိုသူ၏ မယားကား သစ္စာမဲ့သည်။ တစ်ခုသော ညဥ့်ဦးယံတွင် အိမ်ပေါ်မှ ဆင်း၍ သယောက်အမြှောင်နှင့် တွေ့သည်။ ထိုစဉ်တွင် လင်ကြီး ပြန်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သယောက်အမြှောင်နှင့် မိန်းမယုတ်မှာ ကြောက်ရွံ့စွာဖြင့် ပန်းချုံထဲတွင် ပုန်းနေကြ၏။ ထိုအချိန်တွင် သူခိုးကလည်း ထိုအိမ်ကို လူမရှိဟူသော အထင်ဖြင့် ချဉ်းကပ်လာသည်။ သို့စဉ်တွင် ပန်းချုံထဲမှ လူရိပ်ကို မြင်သည်။ လက်ဦးမှုရစေရန် လှံဖြင့်ထိုးပြီး ပြေးလေ၏။

သူခိုး၏လှံသည် သူယုတ်မာ၏ ချက်ကောင်းကို ထိသည်။ "အောင်မလေး" အော်သည်။ ထိုအသံကို လင်ကြီးကြားလျှင် ဒုက္ခရောက်မည်။ ထို့အတွက် မိန်းမသည် သူယုတ်၏ပါးစပ်ကို နှာခေါင်းဖြင့် အပ်ထားလိုက်သည်။ သူယုတ်လည်း ထိုခဏတွင် ပင် အသက်ပျောက်သွားရာ ပါးစပ်စေ့သွားသဖြင့် မိန်းမယုတ်၏ နှာခေါင်းမှာ ကိုက်ဖြတ်ခံရပြီးသား ဖြစ်သွားတော့သည်။

သို့ရာတွင် ကွမ်းသီးခြံပိုင်ရှင်၏ မယားသည် ညဥ့်တွင်းချင်း ရွှေနန်းတော်သို့ ပြေးသည်။ သူ့လင်က သူ့နှာခေါင်းကို ဓားဖြင့် လှီးသည့်အတွက် အရေးယူပေးပါရန် လျှောက်ထားသည်။

ဘုရင်လည်း မစစ်ဆေး မမေးမြန်းဘဲ၊ ကွမ်းသီးခြံပိုင်ရှင်အား ထောင်သွင်းအကျဉ်းချရန် ပြင်ဆင်သည်။ ဤတွင် ဤသတင်းကိုကြားရသောသူခိုးက မခံမရပ်နိုင်ဖြစ်ကာ ရှေ့တော်သို့ ဝင်သည်။ ပန်းချုံတွင်းရှိ လူသေအလောင်း၏ ခံတွင်းကို ဖွင့်ကြည့်ပါက နှာခေါင်းပြတ်ကို တွေ့နိုင်ကြောင်း လျှောက်ထားတော့မှ အမှုမှန်ပေါ်တော့သည်။

ကျေးသား၏ ချေမချက်စကားဆုံးသည်တွင် ဇော်ဂျီက အမေးပုစ္ဆာ တင်ပြလာ၏။



"အရှင်မင်းကြီးဟာ ပညာအမြင်နဲ့ ဆင်ခြင်ပြီး တရားဆုံးဖြတ်ရာမှာ သတင်းကြီးလှပါတယ်၊ ဒါကြောင့် လှံနဲ့ထိုးတဲ့ သူခိုးရယ်၊ ကွမ်းသီးခြံပိုင်ရှင်ရဲ့ မိန်းမရယ်။ သည်နှစ်ဦးမှာ ဘယ်သူဟာ ပျက်ပါသလဲ ဘုရား"

ကြမ္မာဒိုက် မင်းကြီးမှာ ပြဿနာတွေ့လျှင် မဆုံးဖြတ်ဘဲ မနေနိုင်ရကား-

"သူခိုးဟာ ခိုးတတ်တာပဲ ရှိတယ်။ ကွမ်းသီးခြံပိုင်ရှင်ရဲ့ မယားကသာ သယောက်လင်မြှောင်ထားရုံမက လင်ကြီးကိုပါ လုပ်ကြံစွပ်စွဲတဲ့အတွက် ပျက်တယ်",

ဟူ၍ အမိန့်ရှိလိုက်လေ၏။

www.burmeseclassic.com

# မည်သူကျေးဇူးကြီးသနည်း



www.burmeseclassic.com

www.burmeseclassic.com

"အရှင်မင်းကြီးဟာ
တရားဆုံးဖြတ်တတ်သူအဖြစ်
ထင်ရှားပါပေတယ်၊ ဒါကြောင့် အခု
တင်လျှောက်ခဲ့တဲ့ပုံပြင်ထဲက သူရဲကြီးနဲ့
စကြာဝတ္တိမင်းတို့မှာ ဘယ်သူက
ပိုပြီးကျေးဇူးကြီးပါ သလဲဘုရား"



## မည်သူ ကျေးဇူးကြီးသနည်း

"အရှင်မင်းကြီး နားဆင်တော်မူလော့" အစချီကာ ဇော်ဂျီသီတာသည် ကြမ္မာဒိုက်မင်းကြီးအား ပုံပြင်တစ်ပုဒ်ကို ရွှေနားတော်သွင်း လျှောက်ထား၏။

*

ပုပ္ဖဝတီပြည်ကြီး၌ စကြာဝတ္တိမင်း စိုးစံတော်မူစဉ်က ဖြစ်ပေ၏။ တစ်နေ့သောအခါတွင် 'သူရဲကြီး' တစ်ယောက်သည် ဘုရင်မင်းမြတ်၏ ရှေ့တော်သို့ အခစားဝင်ရောက်လာလေ၏။ သို့ကြောင့် ဘုရင်မင်းမြတ်က မေးတော်မူ၏။

"သူရဲကြီး၊ အကြောင်းရှိသလား"

"မှန်လှပါ၊ ရှိကြောင်းပါ ဘုရား။ ကျွန်တော်မျိုးဟာ အတတ်မျိုးစုံ တတ်ပါတယ် ဘုရား။ အဲဒီအတတ်ပညာနဲ့ အရှင်မင်းကြီးရဲ့ ထံတော်ပါးမှာ အမှုထမ်းလိုကြောင်းပါ ဘုရား။"

ဘုရင်မင်းမြတ်သည် သူရဲကြီးကို အကဲခတ်၏။ မှန်အား

www.burmeseclassic.com

www.burmeseclassic.com



ဗလ ပြည့်စုံသည်။ ရုပ်ရည်သန့်ပြန့်သည်။ စိတ်ရင်းဖြူစင် ဖြောင့်မတ်၍ သစ္စာရှိမည့် ရုပ် ဖြစ်သည်။

"ကောင်းပြီ၊ လခ ရိက္ခာ မည်မျှ လိုသလဲ"

"တစ်နေ့ကို အသပြာနှစ်ရာ သနားတော်မူပါ ဘုရား"

"ကောင်းပြီ မောင်မင်း၊ ငါ့ထံပါးတွင် နေ့ညမပြတ် ခစားပြီး ငါ့ကို စောင့်ရှောက်စေ မောင်မင်း"

သူရဲကြီးသည် ထိုအချိန်မှ စတင်ပြီး စကြာဝတေးမင်းထံတော်ပါး၌ ခစားလျက် အမှုတော်ကို ထမ်းရွက်သည်။ မယားနှင့် ချမ်းသာပျော်ရွှင်စွာ နေထိုင်စဉ် သားဦးကလေးတစ်ယောက် ဖွားမြင်လာခဲ့သည်။

တစ်ခုသော သန်းခေါင်ယံတွင် သူရဲကြီးသည် တားထမ်းပြီး ဘုရင့်ခြေတော်ရင်း၌ ရပ်နေ၏။ ဘုရင်မင်းမြတ်ကား နှစ်ခြိုက်စွာ စက်တော်ခေါ်လျက် ရှိ၏။ ထိုစဉ်တွင် တစ်စုံတစ်ယောက်၏ ပြင်းထန်စွာ ငိုကြွေးသံ ထွက်ပေါ်လာ၏။

ဘုရင်မင်းမြတ် ထထိုင်သည်။

"ဟဲ့ သူရဲ အချိန်မတော် ကြုံကြုံပါအောင် ငိုနေသူမှာ အသူနည်း"

"မသိကြောင်းပါ ဘုရား"

"အမြန်သွားပြီး စုံစမ်းချေ။ ဘာဖြစ်လို့ ငိုတာတုန်း။ ငိုတာ ဘယ်သူတုန်း၊ စုံစေ့အောင် စုံစမ်းခဲ့"

သူရဲကြီးသည် ရန်သူပေါ်လျှင် အသင့်ဖြစ်စေရန် ဓားကို အိမ်မှ ချွတ်၏။ အသံလာရာသို့ တရွေ့ရွေ့ လာခဲ့သည်။ နောက်



ဆုံးတွင် သူရဲကြီး၏ ခြေလှမ်းများသည် နတ်စင်ရှေ့တွင် ရပ်တန့်သွား၏။ ရှိုက်ကြီးတငင် ငိုယိုနေသူကား ဘုရင်ကိုးကွယ်သော နတ်ပါတကား။

"နတ်သမီး ဘာပြုလို့ ငိုတာတုန်း"

"ဟယ် ယောကျ်ား၊ သင်တို့သခင် ဘုရင်မင်းတရားကြီးဟာ မိုးမသောက်ခင်မှာ သေတော့မယ်၊ အဲဒါကြောင့် ငါ ငိုတာ"

သူရဲကြီး ထိတ်လန့်လာသည်။ ဘုရင်မင်းမြတ်၏ ဘေးမသီ ရန်မခ ရှိစေရေးမှာ သူ့တာဝန် မဟုတ်လား။

"နတ်သမီး ငါတို့သခင် သက်တော်မပျက်စီးရေးအတွက် ဘယ်လို လုပ်ရမတုန်း၊ နည်းလမ်းရှိရင် ပြောပါ"

"တစ်သက်မှာ တစ်ယောက်သာ မွေးရသေးတဲ့ သားဦး သားဖျား သားယောကျ်ားကလေးရဲ့ သွေးကို ငါ သောက်ရရင် ဘုရင် အသက်ရှင်မယ်"

သူရဲကြီး ဖျတ်ခနဲ စဉ်းစားသည်။

–ဘုရင်မင်းမြတ် သနားတော်မူတဲ့ လခ ရိက္ခာကြောင့် ငါတို့ လင်မယား မပူမပန် နေရတယ်၊ ပြီးတော့ ဘုရင်မင်းမြတ် ဘေးမသီ ရန်မခရှိရေးဟာ ငါ့တာဝန်–

"နတ်သမီး ခဏထိုင်ပါဦး"

သူရဲကြီးသည် နတ်အိမ်ကို ကျောပေးသည်။ အိမ်သို့ လျင်မြန်စွာ ပြေးလာသည်။ သူ့မယားသည် "တစ်သက်တွင် သည်တစ်ကြိမ်သာ" သားဖွားလေသည်။ ထို့ကြောင့် နတ်သမီး၏ စကားနှင့် ညီသည်။ အခြားသူ၏ ကလေးကို လုယက်ယူငင်လျက်

www.burmeseclassic.com

www.burmeseclassic.com



အချင်းများမည်။ တစ်သက်တွင် တစ်ကြိမ်သာ မွေးသော သားဦး ဟုတ်၊ မဟုတ် မသေချာ။

ထို့ကြောင့် အိမ်သို့ ပြေးလာသည်။

"အရှင် ဘာလုပ်မလို့တုန်း"

မယားၓ်အမေးကို မဖြေ။ ကလေးကို ပွေ့လျက် ပြေးလာသည်။ နတ်အိမ်သို့အရောက်တွင် သူငယ်၏ သွေးတွေ အဆောက်အအုံတစ်ခုလုံး လွှမ်းသည်။

သူရဲကြီးမှာ အရှင့်ကျေးဇူးသစ္စာကို စောင့်သိရိုသေသောကြောင့် ဤသို့ပြုရသည်။ သို့သော် ပူဆွေးမှုကြောင့် ရင်ထဲ၌ မီးဟုန်းဟုန်းတောက်နေသည်။ သို့ကြောင့် "ငါ့သားနောက်ကို အဖေ လိုက်လာပြီဟေ့" ဆိုကာ အလောင်းအားတွင် ပစ်လှဲလိုက်လေ၏။

"အရှင် ဘာလုပ်မလို့တုန်း" တစာစာမေးရင်း ပြေးလိုက်လာသော မယားလည်း သားနှင့် လင်၏ မြင်မကောင်းသော အဖြစ်ကိုမြင်လျှင် စိတ်နှလုံးတုန်လှုပ် ချောက်ချားလျက် သားနှင့် လင်၏ အားတွင် သက်ခင်ပြတ်လျက် လဲကျသွားလေ၏။

"အံ့သြစရာပါကလား"

ထိုသို့ မြည်တမ်းလျက် နတ်အိမ်ထဲသို့ ဝင်လာသူမှာ စက္ကဝတ္တိမင်း ဖြစ်သည်။ သူသည် သူရဲကြီးနောက်မှ တိတ်တဆိတ် လိုက်ခဲ့သူ ဖြစ်သဖြင့် အဖြစ်အပျက် အားလုံးကို သိသည်။ မြင်သည်။ သူရဲကြီးကို စိမ်းစိမ်း ကြည့်သည်။ ထို့နောက် သန်လျက်ကို မိမိရင်ဝတွင် တော့လိုက်သည်။



"ဒါလောက်မြင့်မြတ်တဲ့ ဒါလောက်သစ္စာရှိတဲ့ အမှုထမ်းကောင်းကို ဆုံးရှုံးပြီး အသက်ရှင်နေလို့ ဘာလုပ်မှာတုန်း"

"မလုပ်နဲ့၊ မလုပ်နဲ့၊ အို– ဘုရင်မင်းမြတ် ကိုယ့်ကိုယ်ကို အပြစ်မပေးဘဲ လိုရာဆုတောင်းပါ"

"ယောဒီသုံးယောက်လုံး အသက်ရှင်ချင်တယ်"

"ရှင်ရပါစေမယ် ဘုရင်မင်းမြတ်"

✱

ပုံပြင်အဆုံးတွင် ဇော်ဂျီသိတ္တာက ကြမ္မာဒိုက်မင်းကြီးအား မေးလျှောက်၏။

"အရှင်မင်းကြီးဟာ တရားဆုံးဖြတ်တတ်သူအဖြစ် ထင်ရှားပါပေတယ်၊ ဒါကြောင့် အခု တင်လျှောက်ခဲ့တဲ့ ပုံပြင်ထဲက သူရဲကြီးနဲ့ စက္ကဝတ္တိမင်းတို့မှာ ဘယ်သူက ပိုပြီး ကျေးဇူးကြီးပါသလဲ ဘုရား"

ကြမ္မာဒိုက်မင်းကြီးက မဆိုင်းမတွ အဆုံးအဖြတ်ပေး၏။

"သူရဲကြီးရဲ့ ဂုဏ်ကျေးဇူးထက် စက္ကဝတ္တိမင်းပြုတဲ့ ကျေးဇူးဂုဏ်က ပိုပြီး ကြီးမား မြင့်မြတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com

# လုလင်သုံးယောက်နှင့် ကညာတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

"ငါ့သမီးကို လိုချင်သူဟာ
(၁) ကောင်းသူကို ကောင်း
အောင်ပြုနိုင်ရမည်။
(၂) မကောင်းသူကိုလည်း
ကောင်းလာအောင်လုပ်နိုင်ရမည်။
(၃) စစ်ထိုးစစ်ဆင်မှုမှာ ကျွမ်းကျင်လိမ္မာ
သူဖြစ်ရမည်" ဟု သူအလိုရှိသော
အရည်အချင်းများကို သတ်မှတ်ပေး၏။



## လုလင်သုံးယောက်နှင့် ကညာတစ်ယောက်

ကြမ္မာဒိုက်မင်းကြီးအား ဇော်ဂျီသီတာက ဤသို့ လျှောက်ကြား၏။

"အရှင်မင်းကြီး ရွှေနားတော်ဆင်တော်မူပါဦးဘုရား။ ရှေးအခါက သာကေတပြည်ကို မင်းတစ်ပါး၏ စစ်သည်တွေ ဝန်းရံလာပါတယ်ဘုရား။ မင်းရဲ့အမည်က 'တင်ကီ' ခေါ်ပါတယ် ဘုရား"

တင်ကီမင်းသည် စစ်သည်ဗိုလ်ပါအင်အား များပြား၏။ သာကေတပြည်၏စစ်သည်အင်အားမှာ ရန်သူနှင့်မယှဉ်သာအောင် နည်းပါး၏။ သို့သော် 'ရှောက်သာ' ပုဏ္ဏားက တင်ကီမင်းတပ် ရုပ်သွားအောင် စကားအလိမ္မာသုံးသဖြင့် တင်ကီမင်း ပြန်သွားလေသည်။

သာကေတမင်းသည် ဝမ်းသာလွန်းသဖြင့် ပုရောဟိတ် ရှောက်သာပုဏ္ဏားအား အမတ်ကြီးအရာသို့ တိုးမြှင့်ပေးလိုက်လေ၏။ ထိုအခါ ရှောက်သာပုဏ္ဏား စဉ်းစား၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘုရင်မင်းမြတ်ရဲ့ ကျေးဇူးဟာ ကြီးမားပါပေတယ်၊ ရန်သူဘုရင် ခဏတဖြုတ်ခွာသွားအောင် လုပ်နိုင်ရုံနဲ့ ဒါလောက်ချီးမြှောက်ရင်၊ ရန်သူမလာအောင် လုပ်နိုင်ပါက ပြောစရာမရှိအောင် ချီးမြှောက်တော်မှာပဲ၊ အရှင့်ကျေးဇူးကို ငါ ဘယ်လိုဆပ်ရပါ့မတုန်း"

ထိုပုဏ္ဏားသို့ အရွယ်ရောက်သော သမီးပျိုတစ်ယောက် ရှိသည်။ မိန်းမမြတ်တို့၏ အဆင်းပြင်လျာဖြင့် ပြည့်စုံသည်။ တစ်နေ့တွင် လုလင်တစ်ယောက် ရောက်လာကာ "အရှင့်သမီးကို ကျွန်တော်နဲ့ စုံဖက်ပေးတော်မူပါ" ဟု တောင်းခံ၏။

ထိုအခါ ရောက်သာပုဏ္ဏားက

"ငါ့သမီးကို လိုချင်သူဟာ (၁) ကောင်းသူကို ကောင်းအောင် ပြုနိုင်ရမည်။ (၂) မကောင်းသူကိုလည်း ကောင်းလာအောင် လုပ်နိုင်ရမည်။ (၃) စစ်ထိုးစစ်ဆင်မှုမှာ ကျွမ်းကျင်လိမ္မာသူ ဖြစ်ရမည်" ဟု သူ အလိုရှိသော အရည်အချင်းများကို သတ်မှတ်ပေး၏။

"အရှင် အဲဒါတွေအားလုံးကို ကျွန်တော် တတ်ကျွမ်းပါတယ်"

"ကောင်းပြီ ငါ အလိုရှိတဲ့အခါ မင်းကို ခေါ်မယ်၊ ခဏဆိုင်းဦး"

အဆိုပါလုလင် ပြန်သွားလျှင် ဒုတိယလုလင် ရောက်လာကာ သမီးကို တောင်းပြန်၏။ သူသည်လည်း ပထမလုလင်၏ အရည်အချင်းမျိုး ရှိသူဖြစ်သည်။ ပုရောဟိတ်ကြီး မငြင်းပယ်ပါ။



ဆိုင်းငံ့ရန်သာ ဆိုလိုက်သည်။

မကြာမီ တတိယလုလင် ရောက်လာပြန်သည်။ သူကလည်း ပုရောဟိတ်၏ သမီးနှင့် လက်ဆက်လိုသူ ဖြစ်၏။ အရည်အချင်းမှာလည်း အထက်ပါလုလင်များအောက် မလျော့သူ ဖြစ်၏။ ထို့ကြောင့် ပုရောဟိတ်ကြီးသည် လုလင်သုံးဦးအား ခေါ်ပြီး ပထမလုလင်အား ပြော၏။

"အမောင်၊ တင်ကိမင်းကို အရှင် မလိုချင်ဘူး၊ အဲသေဖမ်းခဲ့ရမယ်"

"ကောင်းပါပြီ အရှင်"

ထို့နောက် ဒုတိယလုလင်အား ပြော၏။

"ရွှေမြို့တော်က တစ်ကောသအကွာမှာ လမ်းသွားလမ်းလာတွေကို ဖမ်းဆီးသတ်ဖြတ်နေတဲ့ ဒဗ္ဗိယက္ခဆိုတာ ရှိတယ်။ လည်ဉ်ကို ဖြတ်ပြီး ယူခဲ့စမ်း"

"ကြောင့်ကြတော်မမူပါနဲ့ ရပါစေမယ်"

ပုရောဟိတ်သည် တတိယလုလင်ကိုလည်း တာဝန်တစ်ခု ပေး၏။

"ရွှေမြည်တော်ရဲ့ အနောက်အရပ်မှာ၊ အခိုးအလှုံ့လွှတ်ပြီး လူတွေကို နှိပ်စက်တတ်တဲ့ နတ်ဆိုး ရှိတယ်။ သူ့ခေါင်းကို ငါ လိုချင်တယ်"

"ကနေ့ပဲ ဆက်သပါ့မယ် အရှင်"

လုလင်သုံးယောက်သည် ပုရောဟိတ်ကြီးအား အရိုအသေပြုပြီးလျှင် လျှင်မြန်စွာ ထွက်ခွာသွားကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဇော်ဂျီသီတာသည် သူ၏ပုံပြင်ကိုဖြတ်ပြီး ကြမ္မာဒိုက်မင်းကြီးအား လျှောက်ထား၏။

"အရှင်မင်းကြီး၊ ရောက်သာပုရောဟိတ်ကြီး စေခိုင်းလိုက်တဲ့ လုလင်သုံးယောက်ဟာ ခိုင်းစေသမျှ ပြီးစီးအောင်မြင်ပြီး ပုရောဟိတ်ကြီးထံ ပြန်ရောက်လာကြပါတယ် ဘုရား။ ဒါကြောင့် ဘယ်လုလင်ဟာ ပုရောဟိတ်ကြီးရဲ့ သမီးကို ရသင့်ပါသတုန်း။"

ကြမ္မာဒိုက်မင်းကြီးက မဆိုင်းမတွပင် အဆုံးအဖြတ်ပေးတော်မူ၏။

"သုံးယောက်အနက် မည်သူသည် အစောဆုံး ရောက်သနည်း။ ထိုသူအား သမီးကို ပေးစေ။"

# သူကြွယ့်သမီးသေဆုံးမှု



www.burmeseclassic.com

www.burmeseclassic.com

"သူကြွယ်သမီးသေဆုံးသွားတဲ့
မကောင်းမှုဟာ
ရတနာပူရပြည့်ရှင်မင်းမှာ ထိုက်သလား။
သူခိုးမှာ ထိုက်သလား။
အရှင်မင်းကြီးဟာ ပညာကြီးသလောက်
အဆုံးအဖြတ်မှန်ကန်တယ်လို့
ထင်ရှားတဲ့အတွက် ဒီအမှုကို
ဆုံးဖြတ်ပေးပါဘုရား"



## သူကြွယ်သမီး သေဆုံးမှု

ဇော်ဂျီပညာသီလသည် ကြမ္မာဒိုက် မင်းကြီးအား ဤသို့ လျှောက်ထား၏။

"အရှင်မင်းကြီး၊ ရွှေနားဆင်တော်မူလော့၊ ကျွန်တော်မျိုး ပုံပြင်တစ်ပုဒ်ကို ဆက်သွင်းပါမည်ဘုရား"

ရတနာပူရပြည်၌ သူခိုး သောင်းကျန်းနေသည်။ သူခိုးသည် ရွှေ၊ ငွေ၊ အဝတ်အထည်မျှသာ မဟုတ်၊ ကျွဲ၊ နွား၊ ဆင်၊ မြင်း ကိုလည်း ခိုးသည်။ လူကိုလည်း ခိုးသည်။ ထိုမျှ သောင်းကျန်း သော်လည်း သူခိုးကိုကား ဖမ်း၍မမိကြပေ။

မြို့ကွပ် ထောင်မှူးစသူတို့လည်း ဆိုးသွမ်းလေလွင့်သူ များ အား ဖမ်းဆီးစစ်ဆေး၏။ သိလွန်စမျှ မရလေ။ သို့သေ ကား သောင်းကျန်းမြဲ သောင်းကျန်းနေရာ နန်းတော်တွင်းသို့ပင် ဝင်လာသည်။ အိပ်ရာခမ်းနား၊ ဝတ်စားတန်ဆာများသာမက ဖြစ် မောင်းမများကိုပါ ခိုးသွားသည်။

www.burmeseclassic.com



ပြည့်ရှင်မင်းမှာ မသိချင်၍မရ။ သိရချေပြီ။ ပေါက်ကျော်စော်ကားသော သူခိုးအား ဖမ်းရန် သူ့ရဲ့နှစ်ရာနှင့် တိုင်ပင်ရတော့သည်။ သူရဲအချို့သည် ဇော်ဂျီယောင် ဆောင်၏။ အချို့သော် သီလသည့်ယောင်ဆောင်၏။ အချို့ကား ပုဏ္ဏား၊ အချို့ကား ကချေသည်။

ပြည့်ရှင်မင်းလည်း သူခိုးဖမ်းအဖွဲ့တွင် ပါဝင်၏။ သူကား သညာသည်ယောင်ဆောင်ကာ ရွှေမြို့တော်အတွင်း၌ နေ့ရော ညပါ လှည့်လည်သွားလာနေ၏။ ထိုအခါ မသက်ာဖွယ်ရာ လူတစ်ယောက်နှင့် ညစဉ်ညတိုင်း တွေ့သည်။ တွေ့သော်လည်း ရိုးရိုးမဟုတ်။ ထိုသူအား ပထမနေ့တွင် ဇော်ဂျီဟန်ဖြင့် တွေ့သည်။ ဒုတိယနေ့တွင် ပုဏ္ဏား၊ တတိယနေ့တွင် သီလသည်။

အရပ်တစ်ပါးမှလာသော အတတ်ပညာသည် ယောင်ဆောင်နေသော ပြည့်ရှင်မင်းသည် ဤသူကား သူခိုးဖြစ်တန်ရာ၏ဟု ခန့်မှန်းမိသဖြင့် ချဉ်းကပ်ကာ စုံစမ်း၏။

"ကိုယ် အသူနည်း"

"သညာသည်၊ ငါဟာ မည်ကာမတ္တလူ မဟုတ်ဘူး၊ ဘုရင်ပဲ"

"ဘယ်တိုင်းပြည်ကတုန်း။ ဒီပြည်က ပြည့်ရှင်မင်းလား"

"အမည်တော့ မရှိဘူးပေါ့ သညာသည်ရယ်၊ ဒါပေမယ့် ငါတို့တိုင်းပြည်ကိုလိုက်ပြီး စည်းစိမ်တွေ တစ်ဝကြီးခံ့မ်းပါ"

သညာသည်မှာ စုံစမ်းနေသူ ဖြစ်သည်။ ထို့ကြောင့် နှစ်ခါမခေါ်ရဘဲ ထိုသူ့နောက်သို့ လိုက်လာခဲ့သည်။ ဝါကြွားခြင်းမဟုတ်။ အစောင့်အကြပ် လက်အောက်ငယ်သားများစွာတို့က တောအုပ်ကြီးအတွင်း၌ ကြိုဆိုကြသည်။

ခမ်းနားကြီးကျယ်သော အဆောက်အအုံကြီးအတွင်းမှ မိန်းမချော မိန်းမလှကလေးတွေလည်း ကြိုဆိုကြပြန်သည်။

"အဆွေ၊ ယောဒီသလွန်ပေါ်မှာ ထိုင်ပါ"

ကတ္တီပါ မွေ့ရာခင်းထားသော ရွှေညောင်စောင်းပေါ်တွင် သညာသည်ယောင် ပြည့်ရှင်မင်းအား နေရာချထားပေးသည်။ တစ်ဆက်တည်း မိန်းမပျိုတစ်ယောက်ကို ခေါ်သည်၊

"ငါ့အဆွေကို လိုလေသေးမရှိ ပြုစုရမယ်"

ထို့နောက် မသင်္ကာဖွယ်ရာလူသည် သညာသည်အား နှုတ်ဆက်ပြီး ထွက်ခွာသွားလေ၏။

သညာသည်က ယပ်ခတ်ပေးနေသော မိန်းမလှအား စေ့စေ့ကြည့်၏။ ရင်းနှီးစွာ မြင်ဖူးသည် ထင်၏။ စဉ်းစား၍ မရပေ။

"မယ်မင်းကို ငါ မြင်ဖူးတယ်၊ စဉ်းစားလို့ မရဘူး၊ နာမည် ဘယ်လိုခေါ်သတုန်း၊ ဘယ်မှာ နေသတုန်း"

မိန်းမချောမှာ ရုတ်ခြည်းပင် ထိတ်လန့်မှုများ ရောထွေးဖြစ်ပေါ်လာသည်။ လေသံတိုးတိုးဖြင့် အဖြေပေးသည်။

"အရှင်မင်းကြီး ကျွန်တော်မျိုးမဟာ မြောက်ပြင်သည်ရဲ့ ရုံရွှေတော်မယ်သူဇာပါ၊ ဒီနန်းတော်ထဲမှာ အရပ်ရပ်က ခိုးလာတဲ့ ပစ္စည်းတွေ၊ လူတွေ တင်းကြမ်းပဲ၊ အရှင်မင်းကြီးကို ဘုရင်ဖြစ်

www.burmeseclassic.com



မှန်း သူခိုး မသိခင် အမြန်ဆုံး ထွက်သွားတော်မူပါ”

ထို့ကြောင့် သညာသည်သည် အပေါ်အပါး သွားလိုဟန်ဖြင့် ထကာ မှောင်ရိပ်ခိုလျက် ပြန်ပြေးလာသည်။ ရွှေမြို့တော်သို့ ရောက်လျှင် ရောက်ချင်း စစ်သည်သူရဲများကို အမြန် စုဆောင်းသည်။

တောအုပ်ကြီးထဲသို့ ညတွင်းချင်း ဝင်ရောက်ပြီး ဘုရင်တစ်ဆူ လုပ်ကာ မင်းမူနေသော လူစွမ်းကောင်းသူခိုးကို လက်ရဖမ်းတော့သည်။

သူခိုးကို သုသာန်ထုတ်ပြီး ကားစင် တင်ထားသည်။ တောကြီးထဲ၌ ဘုရင်လုပ်နေသော သူခိုးအား မြို့သူ မြို့သားတွေ တအံ့တသြ လာကြည့်ကြသည်။ ထိုပရိသတ်ထဲ၌ သူကြွယ်သမီးတစ်ယောက်ပါသည်။

သေမည်မုချ ဖြစ်နေသော သူခိုးသည် သူကြွယ်သမီး၏ အလှကို တပ်မက်သဖြင့် သူ့ကို ချစ်စေသော မန္တရားကို ရွတ်၏။

သူကြွယ်သမီးသည် အိမ်သို့ ချက်ချင်း ပြန်ပြေးလာသည်။ မံအော့ခြေကို ဖက်ပြီး ငိုတော့သည်။

“အမေ၊ သုသာန်မှာ ကားစင်တင်ထားတဲ့လူကို တံကျင်မလျှိုခင် သွားပြီး ရွေးနုတ်ပေးပါ၊ သူ့ကိုမှ မရရင် သမီး သေရပါလိမ့်မယ်”

သူကြွယ်မှာ ရှက်လှသည်။ သို့ရာတွင် တစ်ဦးတည်းသော သမီးဖြစ်သဖြင့် ရှေ့မျက်နှာ နောက်ထားပြီး ပြည့်ရှင်မင်းထံ ဝင်ရောက် တောင်းပန်သည်။



“အရှင်မင်းကြီး သုသာန်မှာ ကားစင်တင်ထားတဲ့ သူခိုးကို သမက်ပြုပါရစေ၊ သူ့ကိုယ်နှင့် အလေးချိန်ညီတဲ့ ရွှေကိုယ်လေး ငွေကိုယ်လေးပေးပြီး ရွေးပါ့မယ် ဘုရား”

ဤမျှ သောင်းကျန်းနေသော သူခိုးအား ပြည့်ရှင်မင်းသည် ချမ်းသာခွင့် မပေးနိုင်ပေ။ ကားစင်မှ ဖြုတ်ကာ တံကျင်လျှို၍ စီရင်ပစ်လေ၏။ သူကြွယ်သမီးသည် သူခိုးကို ဖက်လျက် ဖြုတ်ဖြုတ်လူး ငိုကြွေးသည်။ ငိုရင်း ရှိုက်ရင်းက တက်သွားရာ ပြန်ပြီးလည်း မလာတော့ချေ။

ဇော်ဂျီပညာသီလသည် ပုံပြင်အဆုံး၌ ပြဿနာ တင်လေပြီ။

“သူကြွယ့်သမီး သေဆုံးသွားတဲ့ မကောင်းမှုဟာ ရတနာပူရ ပြည့်ရှင်မင်းမှာ ထိုက်သလား၊ သူခိုးမှာ ထိုက်သလား၊ အရှင်မင်းကြီးဟာ ပညာကြီးသလောက် အဆုံးအဖြတ်မှန်ကန်တယ်လို့ ထင်ရှားတဲ့အတွက် ဒီအမှုကို ဆုံးဖြတ်ပေးပါ ဘုရား”

“ဇော်ဂျီ နားထောင်၊ ရတနာပူရ ပြည့်ရှင်မင်းက သူခိုးကိုသာ ကွပ်မျက်တာပဲ၊ သူကြွယ့်သမီးကို သေစေချင်တဲ့စိတ် မရှိဘူး၊ သူခိုးကသာ သူကြွယ့်သမီးကို သူမသေခင် ဒုက္ခပေးချင်လို့ မန္တရားရွတ်တာပဲ၊ ဒါကြောင့် သူကြွယ့်သမီးသေတဲ့ မကောင်းမှုဟာ သူခိုးမှာသာ ထိုက်တယ်”

[ရတနာမှာစန်းမင်း၊ ၁၉၉၈—စက်တင်ဘာ]

www.burmeseclassic.com

www.burmeseclassic.com

# ဂျုံးသုံးယောကျ်သည်အဘယ်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com

"အရှင်မင်းကြီးဟာ ပညာကြီးတယ်၊
တရားဆုံးဖြတ်ရာမှာ
ဖြောင့်မတ်မှန်ကန်တယ်လို့
သတင်းကြီးပါတယ်၊ ဒါကြောင့်
အဲဒီဆိုခဲ့တဲ့သုံးဦး ဘာကြောင့်လဲကျပြီး
မိန်းမောရသလဲဆိုတာ အဆုံးအဖြတ်
ပေးတော်မူပါဘုရား"



## ဤသုံးယောက်သည် အဘယ်ကြောင့်

သီတာအကျင့်ကိုကျင့်သော ပညာသီလဇော်ဂျီသည် အဝန္တိ ပြည်ကြီးသခင် ကြမ္မာဒိုက်မင်းကြီးအား ဤသို့ လျှောက်ထားေ၏။

"ရထားစီး မင်းတကာထက် မြင့်မြတ်တော်မူသော အရှင် မင်းကြီးအား ကျွန်ုပ်တော်ပညာသီလ ပုံတစ်ပုံ လျှောက်တင်ပါရ စေဦး"

ကြမ္မာဒိုက်မင်းကြီးသည် အသံထွက်ရန် အလိုမရှိသော ကြောင့် နှုတ်တုံ့မပြန်ဘဲ နေတော်မူသည်၊

"ရှေးသရောအခါက 'ပုရာ' ဆိုတဲ့ တိုင်းပြည်တစ်ပြည် ရှိပါသတဲ့ဘုရား။ အဲဒီ ပြည်ကြီးသခင် ဘုရင်မင်းမြတ်ရဲ့ အမည် ကတော့ 'မုဉ္စာရီ' လို့ ခေါ်တွင်ပါသတဲ့ ဘုရား"

မုဉ္စာရီဘုရင်မင်းမြတ်၌ သမီးတော်တစ်ပါးသာ ထွန်းကား သည်။ ရှားရှားပါးပါး ဖြစ်ထွန်းသောသမီးမို့ ဘုရင်မင်းမြတ်နှင့် မိဖုရားကြီးမှာ သမီးတော်ကိုလွန်စွာ ချစ်မြတ်နိုးကြ၏။ ချစ်မြတ်

www.burmeseclassic.com

www.burmeseclassic.com



နိုးသောကြောင့် သမီးတော်အတွက် ကြင်ဖက်သက်လျာ ရှာဖွေရာ၌ မျိုးနွယ်တူ မင်းသားမင်းမြေးများထဲ၌သာ ရှာဖွေကြသည်။

ဘုရင်များ၏ နောင်တော်များ ညီတော်များကို တွေ့ပါ၏။ သမီးတော်က မနှစ်သက်။ သမီးတော် နှစ်သက်ဟန် ရှိသော ဘုရင့်တူတော်များကိုတွေ့သောအခါ ဘုရင်မင်းမြတ်က သဘောမကျ။

ထိုသို့ သုံးပါးစုံ နှစ်သက်မည့် ကြင်ယာတော်ကို ရှာဖွေရင်းနှင့်ပင် သမီးတော်မှာ တစ်နှစ်ထက် တစ်နှစ် အသက်ကြီးလာသည်။ သမီးပျိုအား သီးချိန်တန်လျှင် သီးခွင့်၊ ပွင့်ချိန်တန်လျှင် ပွင့်ခွင့်မပေးပါက မိဘမောင်ဖွား အရှက်ပွားတတ်သည်။

သို့အတွက် ဘုရင်နှင့် မိဖုရားကြီးမှာ ရွှေစိတ်တော် မအေးရချေ။ သို့ဖြင့် တစ်နေ့တွင် ပညာရှိအမတ်ကြီးများအား ဖွင့်ဟတိုင်ပင်တော်မူရတော့၏။

ပညာရှိအမတ်ကြီးများကလည်း သမီးတော်အား အချိန်မနှောင်းမီ အိမ်ထောင်ရက်သား ချပေးစေချင်ကြ၏။ ထို့ကြောင့် သင့်လျော်မည့် သတို့သားလောင်းကို ရှာဖွေကြရာ ပုရောဟိတ်၏ သားကို တွေ့ကြရသည်။

ပုရောဟိတ်၏သားသည် ယောကျ်ားပီသစွာ ခန့်ညားသော သွင်ပြင်ရှိ၏။ ယောကျ်ားကောင်းတို့ တတ်အပ်သော အတတ်ပညာဖြင့် ပြည့်စုံ၏။ စိတ်သဘောထား မြင့်မြတ်ကာ ယဉ်ကျေး၏။

သို့အတွက် ဘုရင်မင်းမြတ်နှင့် မိဖုရားကြီးတို့သည် သမီး



တော်ကလေးအား ပုရောဟိတ်၏ သားနှင့် စုလျားရစ်ပတ် လက်ထပ်ထိမ်းမြားပေးလိုက်ကြ၏။ ပုရောဟိတ်၏ သားနှင့် သမီးတော်တို့၏ အိမ်ထောင်ရေးမှာ သာယာချမ်းမြေ့၏။ တစ်ယောက်ကို တစ်ယောက် လွန်စွာချစ်မြတ်နိုးသောကြောင့် မင်းတရားကြီး မိဖုရားကြီးနှင့် မှူးမတ်များပါ ပျော်ရွှင်ကြည်နူးကြရသည်။

တစ်နေ့သ၌ ပုရောဟိတ်ကလေးသည် ဇနီးချစ်အား အိမ်တွင်ထားခဲ့ကာ မိဘအိမ်သို့ သွားသည်။ မကြာမီပင် ပုဏ္ဏားလုလင်တစ်ယောက် ရောက်လာသည်။ ခရုသင်းနှင့် နေစာမြက်ကိုင်လျက် အိမ်စဉ်လည်ပြီး အလှူခံသူ ဖြစ်သည်။ သို့ရာတွင် ရုပ်ဆင်းအင်္ဂါ အလွန်တင့်တယ်သည်။

"ဖေယျတု– ဖေယျတု။ အောင်ပါစေသတည်း"

သမီးတော်သည် ပုဏ္ဏားလုလင်အား မြင်လျှင်မြင်ချင်း ငြိတွယ်စိတ် ဖြစ်ပွား၏။ သာယာသောအသံကို ကြားရသောအခါ ပို၍နှစ်သက်မြတ်နိုး၏။ ထို့ကြောင့် ဣန္ဒြေမဆောင်နိုင်တော့ဘဲ မြတ်နိုးစုံမက်စွာ ကြည့်၏။ ပုဏ္ဏားလုလင်ကလည်း သမီးတော်၏ နည်းတူပင် ခံစားရသည်။

အနီးအနားတွင် အခြံအရံများစွာ ဝန်းရံနေကြသဖြင့် ခြေလက် မလှုပ်ရှားနိုင်။ နှုတ်ဖျားကလည်း ပြောမထွက်။ မျက်လုံးချင်းသာ ရင်တွင်းစကားကို တုံ့လှယ်ကြရသည်။ မြတ်နိုးတွယ်တာခြင်းအဟုန်သည် သည်းအူတွင်း၌ လှိုက်ဖွက်လာသည်။ ထိုခဏ၌ နှစ်ယောက်လုံး အရုပ်ကြိုးပြတ် လဲကျမေ့မျောသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အခြံအရံများသည် သမီးတော်ကို သင်္ဂလာလီသို့ ပွေ့ယူသွားကြကာ ပြုစုကြစဉ် မိဘအိမ်သို့ သွားသော ပုရောဟိတ်ကလေး ပြန်ရောက်လာသည်။ ခြေမကိုင်မိ လက်မကိုင်မိဖြစ်လျက် အထဲဝင် အပြင်ထွက် ဖြစ်နေကြသော အခြွေအရံများကို တွေ့ရသည်။

"ဟဲ့ မယ်မင်းတို့ ဘာဖြစ်နေကြသတုန်း"

"မှန်ပါ သခင်မ မူးမေ့သွားလို့ပါ"

သင်္ဂလာလီသို့ ပုရောဟိတ်ကလေး အပြေးဝင်သည်။ နေထိပန်းကလေးတစ်ပွင့် ညှိုးနွမ်းနေသကဲ့သို့ ပျော့ခွေမိန်းမောနေသည့် ဖနီးကို မြင်ရသည်။ ထိုတစ်ခဏတွင် ပုရောဟိတ်ကလေး၏ ရင်ထဲ၌ ပူလောင်လာကာ အရုပ်ကြိုးပြတ် လဲကျသွားပြန်၏။

အခြွေအရံများမှာ မကြံတတ်၊ မစည်တတ်၊ မလုပ်တတ် မကိုင်တတ်ဖြစ်ကာ အော်ဟစ်ပြေးလွှားနေကြစဉ် ဈာန်ပျံရသေ့တစ်ပါး ကြွရောက်လာသည်။

"ဒါယကာတို့ သောကမီးတောက်လောင်နေကြသလော"

"မှန်လှပါ၊ ဟောသည်ဧည့်ခန်းမှာ တစ်ယောက်၊ သင်္ဂလာလီမှာ နှစ်ယောက် မိန်းမောနေကြပါတယ် ဘုရား"

"အေး အေး၊ ချမ်းသာကြပါစေ၊ ကျန်းမာကြပါစေ"

ဈာန်ပျံရသေ့သည် ထိုသို့ မိန့်ကြားပြီး ပြန်လည်ထွက်ခွာသွားသည်။ အိမ်တော်လှေကားမှ ထိုရသေ့ဆင်းမိချိန်တွင် မိန်းမောနေသူ သုံးဦးလုံး ပြိုင်တူထထိုင်ကြလေ၏။

မစိုမပို ပုံပြင်ဖြစ်သော်လည်း ကြမ္မာဒိုက်မင်းကြီးသည် မကျေနပ်မှုကို ဖွင့်ဟမိန့်ကြားခြင်း မရှိပေ။ သို့သော် ပညာသီလ



ဇော်ဂျီက မပြောဘဲ မနေနိုင်အောင် လုပ်၏။

"အရှင်မင်းကြီးဟာ ပညာကြီးတယ်၊ တရားဆုံးဖြတ်ရာမှာ ဖြောင့်မတ်မှန်ကန်တယ်လို့ သတင်းကြီးပါတယ်၊ ဒါကြောင့် အဲဒီဆိုခဲ့တဲ့သုံးဦး ဘာကြောင့် လဲကျပြီး မိန်းမောရသလဲဆိုတာ အဆုံးအဖြတ် ပေးတော်မူပါ ဘုရား"

ဤအခါတွင်ကား ကြမ္မာဒိုက်မင်းကြီး ရေငုံမနေနိုင်တော့ပါ။


"သမီးတော်နှင့် ပုဏ္ဏားလုလင်တို့မှာ ရာဂမီးသည် တစ်ကိုယ်လုံးလောင်သဖြင့် 'နူးညံ့သော သစ်ညွန့်သည် မီးအရှိန်ဟပ်သောခဏ၌ ညှိုးနွမ်းရသကဲ့သို့' လဲကျမိန်းမောကြရသည်။ လင်ဖြစ်သော ပုရောဟိတ်ငယ်ကား ချစ်ခြင်းမေတ္တာကြောင့် လဲကျကာ မိန်းမောရခြင်းဖြစ်ပေသည်"

ထိုသို့လျှင် မြွက်ဟဆုံးဖြတ်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

## မည်သူ့ဒွာရမေ ဖြစ်သင့်သနည်း



www.burmeseclassic.com

www.burmeseclassic.com

"အရှင်မင်းကြီးဟာ ပညာရှိဖြစ်ပါတယ်
တံရားဆုံးဖြတ်ရာမှာလည်း
မှန်ကန်တယ်လို့ သတင်းကြီးပါတယ်
ဘုရား၊ ဒါကြောင့်
ဇေတုကောမင်းရဲ့သမီးတော်က
ဖွားမြင်လာမယ့်ကလေးရဲ့ အဖေဟာ
ဘယ်သူ ဖြစ်သင့်ပါသတုန်း ဘုရား"



## မည်သူ အဖေ ဖြစ်သင့်သနည်း

"အရှင်မင်းကြီး ရွှေနားနှစ်ဆူ ပန်ဆင်တော်မူဦးလော့။ ကျွန်တော်မျိုး ထပ်မံပြီး ပုံတစ်ပုံ တင်လျှောက်ပါရစေဦးဘုရား"

သိတာအကျင့်ကို ကျင့်သော ပညာသီလ ဇော်ဂျီသည် လက်ဆယ်ဖြာ ထိပ်မှာမိုးလျက် ရှိခိုးခွင့်ပန်သည်။ ကြမ္မာဒိုက်မင်းကြီးလည်း ထိုဇော်ဂျီတင်သော ရေးစကားများမှာ ယုတ္တိကင်းသော်လည်း စိတ်ဝင်စားဖွယ်ကောင်းသောကြောင့် ခပ်မဆိတ် နေတော်မူလိုက်လေ၏။

သို့ဖြစ်၍ ဇော်ဂျီက ပုံပြင်ကို ဤသို့ စတင်၏။

"ရှေးရှေး ပဝေဏီ အတိတ်ကာလတုန်းက ခေမာပြည်မှာ ဇေတုကောမင်းကြီး နန်းစံတော်မူပါသတဲ့ ဘုရား"

ဇေတုကောမင်းကြီးတွင် မိဖုရားများစွာ ရှိပါသော်လည်း သမီးတော်တစ်ပါးသာ ထွန်းကားသဖြင့် များစွာချစ်မြတ်နိုးတော်မူသည်။ အထိန်းအယ အချီတော် အချော့တော်များစွာဖြင့် ကြီး

www.burmeseclassic.com



ကျယ်စွာမြှောက်စားသည်။ လှေကားတစ်စင်းဖြင့်သာ တက်ရ ဆင်းရသောတစ်ပင်တိုင်နန်းဖြင့် ထားသည်။

နွေလရာသီသို့ ရောက်လာပြီ။

အလွန်ပူအိုက်သော နေ့တစ်နေ့တွင် ဖတုကေမင်းကြီးသည် ဂင်္ဂါမြစ်သို့သွားကာ ရေကစားရန် စီစဉ်တော်မူသည်။ ထို အကြောင်းကို သမီးတော်ကြားသဖြင့် ခမည်းတော်၏ ရှေ့တော်သို့ ဝင်ရောက်ခစားသည်။

"သမီးတော် ဂင်္ဂါမြစ်ကို မရောက်ဖူးလို့ ခမည်းတော် ရေကစားရာကို လိုက်ပါခွင့် ပြုတော်မူပါ ဘုရား"

"မြင့်မြတ်သော ငါ့သမီးတော်အား လူတကာ မြင်ကုန်ကြ လိမ့်မည်။ ရေကစားရာသို့ လိုက်ပါခွင့် မပြုနိုင်"

သမီးတော်သည် ဖခမည်းတော်ထံမှ အခွင့်မသာသောအခါ မယ်တော် မိဖုရားခေါင်ကြီးထံသို့ သွားရောက်ပူဆာသည်။

"ဂင်္ဂါမြစ်ကိုမှ မလိုက်ရရင် သမီးတော် ငိုမှာပဲ ဘုရား။ ပွဲတော်လည်း မတည်ဘူး၊ စက်တော်လည်း မခေါ်ဘူး"

"မဆိုးစမ်းပါနဲ့ ကလေးရယ်၊ မယ်ဖုရား ရအောင် တင်ပေး ပါ့မယ်"

သို့ဖြင့် မိဖုရားခေါင်ကြီးက သူလည်း လိုက်ပါလိုကြောင်း ခွင့်တောင်းသည်။ ဖတုကေမင်းမှာ မိဖုရားခေါင်ကြီးအား လွန်စွာ မြတ်နိုးတော်မူသည်။ သို့ကြောင့် နှစ်ခွန်းပင် တင်လျှောက်မနေ ရဘဲ ရေကစားရာသို့ လိုက်ပါခွင့်ရသည်။ မယ်တော်လိုက်ပါခွင့် ရသောအခါ မယ်တော်၏နောက်ပါးမှ သမီးတော်လည်း ကပ်



လျက် ပါလာတော့သည်။

သတ်မှတ်သောနေ့တွင် ဖတုကေမင်းတရားသည် စစ် သည်ရဲမက် ခြံအရံများစွာဖြင့် ဂင်္ဂါမြစ်ဆိပ်သို့ ဆင်းသက်တော် မူလာ၏။ သူစီးသော ဆင်တော်ပေါ်တွင် မိဖုရားခေါင်ကြီးနှင့် သမီးတော်လည်း ပါလာသည်။

မွေးကတည်းက ရွှေနန်းတွင်းမှာသာ ကြီးပြင်းခဲ့ရသော သမီးတော်မှာ မြင်မြင်သမျှသည် အထူးအဆန်း ဖြစ်နေ၏။ ခမည်းတော်နှင့် မယ်တော်တို့မှာ ရာဇပ္လေ့ဖြင့် ငြိမ်သက်စွာ လိုက်ပါလာသည်။ သမီးတော်ကမူ ကျီးကန်းတောင်းမှောက် ဝဲယာရှေ့နောက်ကို အငမ်းမရကြည့်သည်။

ဘုရင်မင်းမြတ်နှင့် မိဖုရားခေါင်ကြီးတို့ ထွက်စံပယ်တော် မူလာသောကြောင့် လူအများ ဦးနိုက်ရှိခိုးရ၏။ လှည်းပေါ်မှ လူများ၊ မြင်းပေါ်မှလူများသည် မြေပေါ်သို့ ဆင်းကြရ၏။ သူတို့၏နောက်တွင် မြင်းဆွဲသောလှည်း၊ ကျွဲနွားဆွဲသော လှည်း၊ ကုလားအုတ်ဆွဲသော လှည်းများ အစီအရီ ရပ်တန့်နေကြ၏။

သမီးတော်သည် ထိုလှည်းများကို အထူးအဆန်းအဖြစ် သေချာစွာ ကြည့်၏။ သမီးတော် စိတ်အဝင်စားဆုံးအရာကား ဆိတ်မြန်မာဆွဲသော လှည်းနှင့် ဆိတ်ကုလားဆွဲသော လှည်းများ ဖြစ်သည်။ ပို၍ ပို၍ သမီးတော် စိတ်အဝင်စားဆုံးကား ဆိတ် မြန်မာလှည်းဘောင်တွင် ဒူးထောက်နေသော လုလင်ပေတည်း။

လုလင်သည် ကြည်လင်သောမျက်နှာ ရှိ၏။ ကြီးမားသော လက်မောင်းကြွက်အိုးကြီးတွေ၊ ဖုထစ်မို့မောက်သော ရင်အုပ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



တွေနှင့် အလွန်ကျက်သရေရှိသည်။ သမီးတော်သည် ထိုလုလင်အား မြင်လျှင်မြင်ချင်း နှစ်သက်သွားလေပြီ။

ဘုရင်မင်းမြတ်စီးတော်မူသောဆင်တော်သည် ဒူးထုပ် မျက်လွှာချလျက် ရှိခိုးနေသောလုလင်အား လွန်သွားပြီ။ ထိုအခါကျမှ လုလင်သည် မျက်လွှာပင့်ကြည့်ရာ လည်ပြန်ကြည့်လျက် လိုက်ပါသွားသော သမီးတော်နှင့် အကြည့်ချင်းဆုံလေ၏။ လုလင်မှာလည်း မြင်လျှင်မြင်ချင်း ခင်မင်မြတ်နိုးသော ဝေဒနာ ဖြစ်ပေါ်လာ၏။

လုလင်သည် အလုပ်ကိစ္စများ ပြီးစီးလျှင် ပြီးစီးချင်း ပညာရှိတစ်ယောက်ထံသွားကာ မိမိအဖြစ်ကို ပြောပြသည်။

"မမီတဲ့ပန်းကို တုံးချပြီး ဘယ်လိုလှမ်းရမယ်ဆိုတဲ့ နည်းလမ်းကလေးများ ညွှန်ပြတော်မူပါ ခင်ဗျား"

"အေးအေး၊ သည်ရောဂါမျိုးဟာ ရောဂါတကာ့ ရောဂါထဲမှာ အဆိုးဆုံးပေကိုးကွယ့်။ ဒါကြောင့် ဖြစ်နိုင်တဲ့နည်းကို ပေးရမှာပေါ့"

"ဆရာကျေးဇူးကို တစ်သက်မမေ့ပါဘူး ခင်ဗျာ"

"မြို့တောင်ဘက်က ညောင်ပင်အောက်မှာ ပုဏ္ဏားအိုတစ်ယောက် ရှိတယ်ကွယ့်။ အိုတယ်ဆိုပြီး အထင်မသေးနဲ့၊ ယောကျ်ားစင်စစ်ကို သူများတွေက မိန်းမလို့ မြင်စေတဲ့ မန္တရားတတ်တယ်။ မင်း ရိုရိုသေသေသွားပြီး ခစား လုပ်ကျွေးချေ။ ကံကောင်းရင် အဲဒီအတတ်ကို ရလိမ့်မယ်"

လုလင်သည် မြို့၏တောင်ဘက်ရှိ ညောင်ပင်အောက်မှာ



ဖြစ်သလိုနေထိုင်သော ပုဏ္ဏားကြီးထံ ချက်ချင်းသွားသည်။ သင့်လျော်သပ်ရပ်သော တဲတစ်လုံးဆောက်ပေးသည်။ ထမင်းဟင်း ချက်ပြုတ်ကျွေးမွေးသည်။ အဝတ်လျှော် ရေချိုးပေးသည်။ နင်းနှိပ်ပေးသည်။

ထိုသို့ သနားအောင် ချစ်ခင်အောင်လုပ်ပေးသော လုလင်အား ပုဏ္ဏားအိုသည် သူ လျှို့ဝှက်ထားသော မန္တရားကို သေချာကျနစွာသင်ပေးလိုက်သည်။ လုလင်သည် မန္တရားကို ရပြီးနောက် ဆရာ့အတွက် ထင်း၊ ရေ၊ ရိက္ခာများ စုဆောင်းသိုမှီးပေးထားခဲ့ကာ ဇေတုဂေဟမင်း၏ နန်းတော်သို့ လာခဲ့၏။

သူသည် နန်းတော်သို့ မရောက်မီ ဆရာပေးသော မန္တရားကို စုတ်လိုက်သောအခါ မြင်သူတိုင်းက လှပသော မိန်းကလေးဟု မြင်လာတော့သည်။ ထို့နောက် သူသည် "သမီးတော်အား ခစားလိုကြောင်း" လျှောက်ထားသည်။ ဘုရင်မင်းမြတ်လည်း လုလင်အား ရုပ်ရည်သန့်ပြန့်သော မိန်းကလေးဟု ထင်သဖြင့် ခစားခွင့် ပြုလိုက်လေသည်။

ကာလကြာမြင့်လာသောအခါ သမီးတော်မှာ အစားအသောက် အနေအထိုင်နှင့် ရုပ်ဆင်းပါ ဖောက်ပြန်ပြောင်းလဲလာသည်။ အထိန်းတော်ကြီးလည်း ချက်ချင်းပင် အနောက်ဆောင်သို့ ဝင်ပြီး ထိုအကြောင်းကို မိဖုရားခေါင်ကြီးသို့ လျှောက်တင်လေ၏။

ထိုအဖြစ်ကို မိဖုရားခေါင်ကြီးထံမှ တစ်ဆင့် ကြားသိတော်မူသော ဘုရင်မင်းမြတ်သည် သမီးတော်ကို အလျင်အမြန်

www.burmeseclassic.com

www.burmeseclassic.com



ခေါ်ယူကာ စစ်မေးသည်။ သမီးတော်ကလည်း အစစအရာရာတွင် အလိုလိုက်ခဲ့သော ခမည်းတော်သည် ယခုလည်း ကြည်ဖြူလိမ့်မည်ဟု ယုံကြည်သည်။ သို့ကြောင့် ဟုတ်တိုင်းမှန်ရာ ဖွင့်ဟတင်လျှောက်သည်။

ဇတုကောမင်းက အလွန်ရှက်တော်မူသည်။

ယောက်ျားတစ်ယောက်အား မိန်းမထင်ပြီး သမီးတော်စံရာ တစ်ပင်တိုင်မြနန်း၌ ခစားခွင့်ပြုခဲ့မိသော မိမိ၏ညံ့ဖျင်းမှုအတွက် အလွန်ရှက်သည်။ အတိုင်းတိုင်း အပြည်ပြည်ကြားလျှင် ရယ်မောဖွယ် ဖြစ်တော့မည်။

သို့ကြောင့် သစ္စာရှိသောအမတ်များအား ရှေ့တော်သို့ခေါ်ကာ ထီးနန်းကိုလွှဲအပ်သည်။ သူ့မှုကား ညသန်းခေါင်ယံတွင် သမီးတော်နှင့် မိဖုရားခေါင်ကြီးကို ခေါ်ပြီး ယောက်ဖတော်ရှိရာ ဥဇ္ဇေနီပြည်သို့ အခြံအရံအနည်းငယ်နှင့် ထွက်ခွာလာခဲ့သည်။

ဇတုကောမင်းသည် ယောက်ဖတော်ထံသို့ရောက်ပြီးနောက် မကြာမြင့်မီ ဥစ္စာများစွာ ကြွယ်ဝသော ပုရောဟိတ်နှင့် သမီးတော်ကို ထိမ်းမြားပေးလိုက်လေ၏။

ပုံပြင်သည် ဤတွင် ပြီးဆုံးသွားလေ၏။

ထိုအခါ ပုံပြင်တင်လျှောက်သော ဇော်ဂျီ၏ အမေးသည် ထွက်ပေါ်လာတော့သည်။

"အရှင်မင်းကြီးဟာ ပညာရှိဖြစ်ပါတယ်။ တရားဆုံးဖြတ်ရာမှာလည်း မှန်တန်တယ်လို့ သတင်းကြီးပါတယ်ဘုရား၊ ဒါ



ကြောင့် ဇတုကောမင်းရဲ့သမီးတော်က ဖွားမြင်လာမယ့်ကလေးရဲ့ အဖေဟာ ဘယ်သူဖြစ်သင့်ပါသတုန်းဘုရား"

ကြမ္မာဒိုက်မင်းကြီးမှာလည်း တရားစီရင်ဆုံးဖြတ်မှု၌ ဝါသနာထုံသူပီပီ မဆိုင်းမတွ အဆုံးအဖြတ်ပေးလိုက်သည်မှာ

"မိဘထိမ်းမြားပေးစားသူသာလျှင် ထိုကလေး၏အဖေ ဖြစ်သင့်သည်"

ဟူ၍ ဖြစ်ပေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

# အစစ်အသီးသီးပြကြရာဝယ်



www.burmeseclassic.com

www.burmeseclassic.com

"မှတ်ထားကြ၊ ပစ္စည်းဥစ္စာရချင်ရင်
သစ်ပင်ရိပ်ကို ခိုတဲ့အခါ
အပင်ကြီးကြီးကိုရွေးပြီး ခိုရတယ်ကွ"
"တောင်ကို အမှီပြုရင်လည်း
အလွန်ကြီးတဲ့တောင်ကို ရွေးရတယ်"



## အတတ်အသိသီး ပြကြရာဝယ်

"အဝန္တိပြည်ကြီးသခင် အရှင်မင်းကြီး ရွှေနားဆင်မှုပါ လော့။ ကျွန်တော်မျိုး ပုံတစ်ခုကို လျှောက်တင်ပါအံ့"

သီတာအကျင့်ကို ကျင့်သော ဝညာသီလ ဖော်ဂျီက စိတ် ဝင်စားစရာစကားကို ဆိုလာသော်လည်း ကြမ္မာဒိုက်မင်းကြီးသည် နှုတ်တုံ့မပြန်ဘဲ ဆိတ်ဆိတ်သာ နေတော်မူ၏။ ဖော်ဂျီက ဆက် လက် လျှောက်တင်၏။

"ရှေးသရောအခါက မဓုရဆိုတဲ့ တိုင်းပြည်ကြီးမှာ ဆင်းရဲ သားပုဏ္ဏားလင်မယား ရှိပါတယ် ဘုရား။ သူ့မှာ သားယောကျ်ား လည်း လေးယောက်ရှိပါသတဲ့ ဘုရား"

ထိုသားလေးယောက်သည် ပညာမရှိသဖြင့် ဖုန်းတောင်း ယာစကာ အလုပ်ကို လုပ်၍ မိဘကို လုပ်ကျွေးမွေးမြူကြ၏။ အတတ်ပညာမပါဘဲ တောင်းရမ်းခြင်းသက်သက်ကို လုပ်သော ကြောင့် စားလောက် သောက်လောက်အောင် မရပေ။ ထို့ကြောင့် သူတို့ညီအစ်ကိုလေးယောက်ရော မိဘနှစ်ပါးပါ ဝလင်စွာမစား

www.burmeseclassic.com

www.burmeseclassic.com



ကြရပေ။

သို့ဖြစ်သောကြောင့် တစ်နေ့တွင် သားများက ဖခင်အား တောင်းပန်ကြတော့သည်။

"အဖေ ကျွန်တော်တို့ အသက်ရှည်ရှည် နေရအောင် အကြံပေးပါ ခင်ဗျား"

ဖခင်ပုဏ္ဏားကြီးက ပြန်ပြောသည်။

"ပစ္စည်းဥစ္စာ မရှိတဲ့အတွက် အကြံမပေးတတ်ဘူး သားတို့ရေ"

"ဒါဆိုရင် ပစ္စည်းဥစ္စာရအောင်ပဲ အကြံပေးပါ အဖေ"

သို့ဖြစ်သဖြင့် ဖခင်ပုဏ္ဏားက အကြံပေးသည်။

"မှတ်ထားကြ၊ ပစ္စည်းဥစ္စာ ရချင်ရင် သစ်ပင်ရိပ်ကို ခိုတဲ့အခါ အပင်ကြီးကြီးကို ရွေးပြီး ခိုရတယ်ကွ"

သားများ ဝမ်းသာသွားကြသည်။ သို့သော် ပုဏ္ဏားကြီး၏ ဩဝါဒစကားမှာ မပြီးဆုံးသေးပေ။

"တောင်ကို အမှီပြုရင်လည်း အလွန်ကြီးတဲ့တောင်ကို ရွေးရတယ်"

"သားတို့နာခံပါ့မယ် အဖေ"

"အေး လူကို ချဉ်းကပ်မှီခိုရင်လည်း ပညာကြီးသူကို ဆည်းကပ် မှီခိုကြ"

အကြံသုံးပါး ပေးပြီးသည့်နောက် မကြာမတင် ကာလမှာပင် ပုဏ္ဏားအိုလင်မယားတို့ ကွယ်လွန်ကြသည်။ ညီအစ်ကို လေးယောက်လည်း မိဘအမွေ အိမ်ကို ဗဟိုပြုထားပြီး အရပ်



လေးမျက်နှာသို့ ထွက်ခွာလာခဲ့ကြ၏။

တကွဲတပြားစီ ထွက်လာခဲ့ကြပြီးနောက် ပုဏ္ဏားလုလင်သည် ဖခင်၏ စကားအရ ကြီးမားသော ညောင်ပင်ကြီးအောက်၌ နေသည်။ တောင်းရမ်းသမျှထဲမှ အစားအစာများကို ညောင်ပင်သို့ ပသသည်။ ညောင်ပင်အောက်မှ သွားခါနီးသော် ညောင်ပင်ကို လက်ဆယ်ချောင်းရာ ပေးပြီးမှ သွား၏။

တစ်နေ့သော် ညောင်စောင့်နတ်က ကိုယ်ထင်ပြကာ မေး၏။

"ဟဲ့ ပုဏ္ဏား၊ ဘာရည်ရွယ်ချက်နဲ့ အခုလို လုပ်နေတာတုန်း"

ပုဏ္ဏားလုလင် ဝမ်းသာသွားသည်။

"ပစ္စည်းဥစ္စာ လိုချင်လို့ အခုလို လုပ်တာပါ"

"ကဲ ငါချပေးတဲ့ မန္တန်ကို ရအောင် သင်ကွာ၊ ငါ့ရဲ့ မန္တန်ရားကို စုတ်ပြီး မြေတစ်ဆုပ်ကို ဆုပ်ပြီး မန်းရင် ရွှေဖြစ်သကွ"

ညောင်ပင်စောင့် ရုက္ခစိုးသည် မထမသားအား မြေမှ ရွှေဖြစ်သော မန္တန်ကို သင်ပေးလိုက်လေသည်။

ထိုအချိန်တွင် ဒုတိယသားမှာ တောင်ကြီးတစ်လုံး၏ အခြေတွင် မှီခိုနေထိုင်ပြီး ခရီးသွားများထံမှ အလှူခံသည်။ စားဦးသောက်ဦးများကို အစ်ကိုကြီးကဲ့သို့ပင် လုပ်သည်။ ထိုအခါ တစ်နေ့တွင် တောင်စောင့်နတ် ကိုယ်ထင်ပြလာ၏။

"အမောင် ဘာလိုချင်လို့ ဒီလို လုပ်နေတာတုန်း"

"ဥစ္စာပစ္စည်း လိုချင်လို့ပါ"

ထို့ကြောင့် တောင်စောင့်နတ်သည် ဒုတိယလုလင်အား

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုသော မန္တရားကို သင်ပေးသည်။ ထိုမန္တရား၏ အစွမ်းကား ကြီးမားသော တောင်များကို လက်ဖျစ်တီးလျက် ခေါ်နိုင်သည် ဟူ၏။

တတိယသားသည်လည်း ဖခင်ပေးသော ဩဝါဒအတိုင်း ပညာရှိတစ်ယောက်ထံ ခစား၏။ ပညာရှိအိမ်တွင် လုပ်စရာရှိသမျှ အကုန်လုပ်သည်။ ထမင်းချက်၊ ရေခပ်၊ အဝတ်လျှော်၊ အမှိုက်လှည်း၊ ထင်းခွေ၊ နင်းနှိပ်ပေးစသည်တို့ကို မနားတမ်း ဆောင်ရွက်သဖြင့် တစ်နေ့သော် ပညာရှိက မေးသည်။

"လုလင် ဘာကိုမျှော်ကိုးပြီး ငါ့မှာ ခစားတာလဲ"

"ဥစ္စာပစ္စည်း လိုချင်လို့ပါ ဆရာ"

"ငါ့မှာ မင်းကို ပေးစရာပစ္စည်းဥစ္စာတော့ မရှိဘူးကွာ၊ အေး မင်းနဲ့ ယှဉ်ပြိုင်လာသူတိုင်း မင်းကို ရှုံးရမယ့် မန္တရားတော့ ရှိတယ်ဟေ့"

ပညာရှိသည် တတိယသားအား လောင်းကြေးဖြင့် ယှဉ်ပြိုင်သူတိုင်း တတိယသားကို ရှုံးရမည့်မန္တရားဖြင့် တုံ့ပြန်ပေးလိုက်သည်။

စတုတ္ထသားသော်ကား ပညာရှိ ဇော်ဂျီတစ်ယောက်ထံတွင် ခစားသည်။ ခစားဖန်များလာသောအခါ ဇော်ဂျီက မန္တရားတစ်ပုဒ် ပေးလိုက်သည်။ မန္တရား၏အစွမ်းကား မန္တရားစုတ်လျက် ရေဖြင့် ဖျန်းပါက သေပြီးသောသူ ရှင်သည်ဟူ၏။

ဥစ္စာပစ္စည်းရရှိသာမက ချမ်းသာကြွယ်ဝနိုင်သော ပညာ အသီးသီးရလာသဖြင့် ညီအစ်ကိုလေးယောက်သည် အမွေဆိုင်



အိမ်ကြီးသို့ ပြန်လာကြသည်။ နှစ်ပေါင်းများစွာ ကွဲကွာနေသော ညီအစ်ကိုတစ်တွေ ဆုံမိကြလျှင် ဝမ်းသာအားရ မေးကြမြန်းကြ ပြောဆိုကြပြီးနောက် အစ်ကိုကြီးက စတင်ပြီးမေးသည်။

"ငါ့ညီတို့ နှစ်ပေါင်း ဒီလောက်ကြာမှ ပြန်ဆုံကြတယ်။ ဘာတွေများ ရပြီး ဘာတွေ တတ်ခဲ့ကြသတုန်း၊ ငါ တတ်ခဲ့တာက တော့"

ပြောပြောဆိုဆိုပင် အစ်ကိုကြီးက ခြေမှုန့်တစ်ဆုပ်ကို ကိုင်လျက် ရွှေဖြစ်အောင် လုပ်ပြလေသည်။ ညီအစ်ကိုလေးယောက် သား ထိုရွှေကို ထုခွဲရောင်းချပြီး ချမ်းသာစွာ စားသောက်နေထိုင် ကြ၏။

တစ်နေ့သော် ညီအငယ်ဆုံးက အကြံပြု၏။

"အစ်ကိုကြီးရဲ့ ပညာကို မြင်ရတဲ့နေ့က ရွှေတွေ ရတာနဲ့ မေ့သွားတယ်၊ အစ်ကိုလတ်နဲ့ အစ်ကိုလေးတို့ရဲ့ ပညာကို အပြ မခိုင်းလိုက်ရဘူး"

ထိုအခါ ဒုတိယသားက မန္တရားကျူးရာ တောင်ကြီးတစ်လုံး ပြေးလာသည်။ ချေတွေ၊ သမင်တွေ တောင်ပေါ်မှ ဆင်းပြေးသည်။ ကျားတစ်ကောင်မှာ အဆင်းမတော်သဖြင့် လိမ့်ကျရာ ခေါင်းကွဲပြီး သေလေသည်။ ထိုအခါ တတိယသားက မန္တရား စုတ်ပြီး ကျားသေကို ရေဖြင့်ဖျန်းရာ ကျား ထလာပြီး ညီအစ်ကို လေးယောက်လုံးကို ကိုက်သတ်လိုက်တော့သည်။

ပုံပြင်အဆုံးတွင် ပညာသီလ၏မေးခွန်း ထွက်ပေါ်သော သည်။

www.burmeseclassic.com

www.burmeseclassic.com



"အရှင်မင်းကြီးဟာ ပညာရှိဖြစ်ပြီး တရားဆုံးဖြတ်ရာမှာ ကျွမ်းကျင်သူလည်း ဖြစ်ပါတယ် ဘုရား။ ဒါကြောင့် ပုဏ္ဏားညီအစ်ကိုလေးယောက်စုံ သေတာ ဘယ်သူ့အပြစ်ပါလဲ ဘုရား"

ကြမ္မာဒိုက်မင်းကြီးသည် တရားဆုံးဖြတ်မှု၌ ဝါသနာကြီးသူ ဖြစ်ရကား စကားမပြောဘဲ မနေနိုင်တော့ပါ။ ဆုံးဖြတ်ချက်ပေးလိုက်မိပြီ။

"ထိုသူလေးယောက်တို့တွင် တစ်ယောက်ကား အတတ်ကို မြင်လိုသောကြောင့် ရှေးဦးစွာဆိုမိသည်။ သေစေလိုသောစိတ် မရှိ။ တောင်ကိုလာစေသူသည် မိမိ၏မန္တရားအာနုဘော်ကို မြင်စေလိုသောကြောင့်သာ ပြုသည်။ သေစေလိုသောစိတ် မရှိ။ ကျားကို အသက်သွင်းသူမှာလည်း မန္တရားအာနုဘော်ကို ပြလိုသောကြောင့်သာ ပြုခြင်းဖြစ်သည်။ သေစေလိုသောစေတနာ မရှိ။ သို့ကြောင့် မည်သူ့တွင်မျှ အပြစ်မရှိ။

# အသိမ်မွေ့ဆုံး မည်သူနည်း



www.burmeseclassic.com

www.burmeseclassic.com

"အရှင်မင်းကြီးဟာ
ပညာလည်းကြီးတယ်၊
တရားဆုံးဖြတ်ရာမှာလည်း
အလွန်ကျွမ်းကျင်ဖြောင့်မတ်တယ်၊
ဒါကြောင့် မိဖုရားသုံးပါးမှာ
ဘယ်သူ အနုနယ်ဆုံး၊
ဘယ်သူ အသိမ်မွေ့ဆုံးဆိုတာ
ဆုံးဖြတ်ပေးတော်မူပါဘုရား"



## အသိမ်မွေ့ဆုံး မည်သူနည်း

ဇော်ဂျီ ပညာသီလနှင့် ခန္တီသီလတို့သည် ကိုယ်တစ်ကိုယ်တည်းမှ ဖြစ်ပွားလာသော ညီအစ်ကိုရင်းများ ဖြစ်ကြသည်။

အဝန္တီ ပြည်ကြီးသခင် ကြမ္မာဒိုက်မင်းကြီးလက်ထက်တွင် ပညာသီလ ဇော်ဂျီ မင်းပြစ်မင်းဒဏ်သင့်လေသည်။ အတတ်ပညာ အလိမ္မာဖြင့် ပြည့်စုံသောကြောင့် ပညာသီလ အမည်တွင်သော ဇော်ဂျီသည် "သီတာ" အကျင့်ကို ကျင့်၍နေသောတစ်ညတွင် သူ့အနီးသို့ သူခိုးများ ရောက်လာကြသည်။

"မကောင်းတာလုပ်ဖို့ ထွက်လာတုန်းမှာ သူတော်ကောင်းကို မြင်ရတော့ ဘယ်မှာ ခိုးလို့ ရတော့မှာတုန်း။ လာဘ်မကောင်းတဲ့ ဒီဇော်ဂျီကို သုတ်သင်ပစ်ရအောင်"

အလွန်မိုက်မဲသော သူခိုးတစ်ယောက်က အကြံပြုသည်။

"မလုပ်နဲ့ဦးဟေ့ တို့ ရွှေမြို့တော်မှာ လည်ပြီး ခိုးကြဦးစို့၊ မင်းပြောသလို လာဘ်တိတ်ရင်တော့ မင်း ပြောသလို စီရင်ကြတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



အဖော်များထဲမှ တစ်ယောက်က တားမြစ်သည်။

သို့ရာတွင် သူတို့သည် ထိုညက များစွာအလုပ်ဖြစ်သည်။ သီတာကျင့်ကို ကျင့်နေသော ပညာသီလကိုလည်း အမြင်ပြောင်းသွားကြသည်။

"ဇော်ဂျီကြီးက လာဘ်ကောင်းတယ်ကွ၊ သူ့ကို ပူဇော်ပသကြရအောင်"

သူခိုးများသည် ခိုးရာပါ ပစ္စည်းများထဲမှ အကောင်းဆုံး ပတ္တမြားလည်ဆွဲတစ်ကုံးကို ပညာသီလ၏လည်ပင်း၌ စွပ်ထားခဲ့ကြလေသည်။ ပညာသီလကား သူခိုးများကိုလည်း မသိ။ ပတ္တမြားလည်ဆွဲ ဆွဲပေးခဲ့သည်ကိုလည်း မသိချေ။

မသိသော်လည်း ရာဇဝတ် သင့်ပြီ။

နံနက်လင်းသော် ဥစ္စာရှင်တို့သည် ဥစ္စာပျောက်ကြောင်း သိသဖြင့် သူခိုးများနောက်သို့ ခြေရာခံ၍ လိုက်ကြသည်။ ပညာသီလဇော်ဂျီ သီတာအကျင့် ကျင့်နေသောနေရာအရောက်တွင် ပတ္တမြားလည်ဆွဲကို တွေ့တော့သည်။

"သူခိုး လာခဲ့၊ ကျုန်တဲ့ပစ္စည်းတွေ ဘယ်မှာလဲ"

ထုကြ၊ ရိုက်ကြ၊ ကန်ကြ၊ ကျောက်ကြသော်လည်း ပညာသီလမှာ ဖြေကြားစရာ စကားမရှိပါ။ ဒဏ်ရာဗလပွ သွေးအလိမ်းလိမ်းဖြင့် ဘုရင့်ရှေ့တော်သို့ ရောက်သွားသည်။ ဘုရင်လည်း တရားစောင့်သောမင်း ဖြစ်သည်။ မကောင်းမှုကို မုန်းတီးသောကြောင့် အချိန်ယူ မစစ်ဆေးဘဲ တံကျင်လျှိုရန် အမိန့်ပေးလေ၏။



ပညာသီလမှာ သီတာအကျင့်ကြောင့် အသက်မသေ။ တံကျင်ဖျားတွင် ငါးခြောက်တစ်ပြား၊ အမဲခြောက် တစ်မြှောင်းကဲ့သို့ ခြောက်ကပ်နေလေ၏။ ပညာသီလ မသေကြောင်း သိသူမှာ သူ့ညီ ခန္တီသီလ ဖြစ်သည်။

သို့ရာတွင် ခန္တီသီလသည် ရာဇဝတ်သားကို တက်မဖြုတ်ရဲပေ။ သို့အတွက် ကြမ္မာဒိုက်မင်းကြီး ရှေ့တော်သို့ ဝင်ရောက်ခစားသည်။ သူ ဝင်ရောက်ခစားတိုင်း "သလွဲ" ဖြင့် လုပ်ထားသော ဥသျှစ်သီး ပါသည်။ ဥသျှစ်သီးထဲ၌ ပတ္တမြား ၅-လုံး ထည့်ထားသည်။*

ကြမ္မာဒိုက်မင်းကြီးထံ၌ ခန္တီသီလ တစ်နေ့မပျက် ခစားခဲ့သည်မှာ တစ်နှစ် ရှိခဲ့ပြီ။ စကားတစ်ခွန်း တလေပင် ပြောဖော်မရချေ။ သို့အတွက် ခန္တီသီလသည် ဥသျှစ်သီးကို ခါတိုင်းနှင့်မတူ အခွံပါးနိုင်သမျှ ပါးအောင် လုပ်ထားသည်။ လက်ဆောင်သိမ်းယူသူ၏ လက်ထဲသို့ ဥသျှစ်သီးကို လှမ်းပေးရာက မတော်တဆ လွတ်ကျပြီး ပြို၏။ ဥသျှစ်သီးအကွဲထဲမှ ပတ္တမြားတွေ စင်ထွက်ကုန်သည်။

ဘုရင်မင်းမြတ်သည် ထိုအခါတွင်မှ မေးတော်မူတော့သည်။

"မောင်မင်း ဘယ်သူတုန်း"

"ကျွန်တော်မျိုး ခန္တီသီလ ဖြစ်ကြောင်းပါ ဘုရား၊ အရှင်မင်းကြီးကို နေ့စဉ် ပတ္တမြားငါးလုံးနဲ့ ခစားတာ တစ်နှစ်ရှိပါပြီ ဘုရား"

"မောင်မင်း ဘာလိုချင်လို့တုန်း"

www.burmeseclassic.com

www.burmeseclassic.com



"မနှစ်တုန်းက အရှင်မင်းကြီး တံကျင်တင်လိုက်တဲ့ ပညာသီလဇော်ဂျီရဲ့ အလောင်းကို အလိုရှိပါတယ်ဘုရား။ ယူရာမှာလည်း အရှင်မင်းကြီးလို ဘုန်းတန်ခိုးကြီးမားသူမှသာ ယူနိုင်မှာပါ ဘုရား"

"ထ မောင်မင်း ယခုပင် သွားကြစို့"

"သည်းခံတော်မူပါ ဘုရား။ သန်းခေါင်ယံအချိန်မှာ ယူရမှာပါ ဘုရား"

"ကောင်းပြီ မောင်မင်း၊ ယနေ့ည သန်းခေါင်ချိန်မှာ တံကျင်ရင်းက စောင့်"

"မှန်လှပါ့ လုံးဝ အသံမပြုပါနဲ့ ဘုရား၊ စကားပြောမိရင် အကြံပျက်ပါလိမ့်မယ် အရှင်မင်းကြီး"

ခန္တီသီလဇော်ဂျီ ဤကဲ့သို့ အထပ်ထပ် အတန်တန်လျှောက်ထားခဲ့သော်လည်း ကြမ္မာဒိုက်မင်းကြီး စကားမပြောဘဲ မနေနိုင်။ စကားမပြောဘဲ မနေနိုင်အောင် ဖြစ်ရပုံကိုလည်း ကြည့်ပါဦး။

ဇော်ဂျီသီတာ သို့မဟုတ် ပညာသီတာသည် ကြမ္မာဒိုက်မင်းကြီး၏ပခုံးပေါ်တွင် အေးဆေးစွာ လိုက်ပါမလာပေ။

"အရှင်မင်းကြီး ကျွန်တော်မျိုး ပုံတစ်ပုံတင်ပါရစေဘုရား"

ဘုရင်ကြီးကား အင်းမလှုပ်၊ အဲမလှုပ်။ သို့သော် ပညာသီလ ဆက်လက်လျှောက်တင်၏။

"ရှေးသရောအခါက သုဝဏ္ဏပြည်ကြီးမှာ ဓမ္မဥဇုမည်တဲ့ ဘုရင်ကြီးတစ်ပါး ထီးဖြူအုပ်ချုပ် မင်းလုပ်တော်မူပါတယ်ဘုရား။ အဲဒီဘုရင်မင်းမြတ်မှာ မိဖုရားကြီးသုံးပါး ရှိပါသတဲ့ဘုရား။ အမည်



တော်တွေကတော့ သုမာလာ၊ သုစိတ္တာနဲ့ သုနန္ဒာတို့ဖြစ်ကြောင်းပါ ဘုရား"

မိဖုရားကြီးသုံးပါးသည် ရုပ်ဆင်းရူပကာ လှပတင့်တယ်ကြ၏။ ယဉ်ကျေးသိမ်မွေ့ကြ၏။ ဤသည်တို့ထက် ပိုကဲသော အချက်တစ်ချက် ရှိသေး၏။ ဤသည်မှာ နုနယ်ခြင်း ဖြစ်သည်။ နုနယ်ပုံမှာ သာမန်နုနယ်ခြင်း မဟုတ်။ နုနယ်လွန်းခြင်း ဖြစ်သည်။

နုနယ်လွန်းပုံကို ကြည့်ကြစို့။

တစ်ရံခါသော် ဓမ္မဥဇုမင်းကြီးသည် မိဖုရားကြီးသုနန္ဒာ၏ အဆောင်တော်၌ စံမြန်းတော်မူသည်။ မင်း မိဖုရားတို့ အကြည်တသာ ခွန်းတုံ့လှယ်ရင်း လေသာပြတင်းသို့ ရောက်လာသည်။

သုနန္ဒာမိဖုရားသည် ပြတင်းသို့ မကပ်။ ပြတင်းပေါက်မှ လရောင်ကျဆင်းလျက်ရှိသဖြင့် လရောင်နှင့် လွတ်အောင် ရှောင်တိမ်းနေ၏။

"ဘယ်လောက် သာယာသလဲ မိဖုရားကြီးရဲ့၊ အပါးတိုး အခစားစမ်းပါ"

ဘုရင်မင်းမြတ်သည် ပြောပြောဆိုဆို မိဖုရားကြီးကို လှမ်းဆွဲသည်။ မိဖုရားကြီးမှာ အလိုက်သင့်ပါလာရာ လရောင်ဝဲသို့ ရောက်လာ၏။ ထိုသို့ လရောင်နှင့် အသားကို ထိလျှင်ထိချင်း မိဖုရားသုနန္ဒာမှာ မူးမေ့ခွေကျသွားလေ၏။

"ဟဲ့ ဟဲ့ ရံရွေတော်များ လာကြစမ်းဟဲ့၊ သမားတော်ကို ခေါ်ကြဟဲ့"

ဘုရင်ကြီးမှာ အံ့သြခြင်းကြီးမက အံ့သြတုန်လှုပ်နေ

www.burmeseclassic.com

www.burmeseclassic.com



တော့၏။

သုစိတ္တာမိဖုရားကို ကြည့်ပါဦး။

မင်းတရားကြီး ဓမ္မဥဇုသည် တစ်ရံခါသော် သုစိတ္တာ၊ မိဖုရားကြီး၏ အဆောင်တော်၌ ပွဲတော်တည်၏။ အဖုတ်၊ အကင်၊ အကြော်အကျစ်၊ အပေါင်းအသုတ်၊ အချက်အပြုတ်စုံအောင် နေ့စဉ်ပွဲတော်သုံးသော်လည်း ယနေ့ မြိန်ရှက်လွန်း၏။

"မိဖုရားကြီး အစီအမံကောင်းလို့ ကိုယ်တော်ရှင်မြတ် ပွဲတော်တည်ရတာ ခါတိုင်းထက် မြိန်ရှက်တယ်"

"အရှင်မင်းကြီး နှစ်သက်ကြောင်းသိရတာ ဝမ်းသာလှပါပြီ ဘုရား"

သုစိတ္တာမိဖုရားကြီးက မခိုတ်ရို့ တင်လျှောက်သည်။

"ရှင်မိဖုရားကို ဆုလာဘ်သနားတော်မူတယ်၊ ဟဲ့ အနောက်ဝန် ရောမတိုင်းက ဆက်တဲ့ လက်ဆောင် ယူခဲ့"

ရောမတိုင်းမှ ဆက်သထားသော လက်ဆောင်တော်မှာ သလင်းကျောက်ဖြင့် ပြုလုပ်ထားသော လက်ဝတ်ရတနာများ ဖြစ်သည်။ ပုံပန်းဆန်းပြားသည်နှင့် အမျှ အရောင်အသွေး ကောင်းမွန်လှသည်။ သို့ဖြစ်သဖြင့် မိဖုရားကြီး သုစိတ္တာကို သနားခြင်း ဖြစ်၏။

အနောက်ဝန်သည် လက်ဆောင်ရွှေကြုတ်ကို ကိုင်လျက် ဘုရင်သို့ ဆက်သသည်။ ဘုရင်က မိဖုရားသို့ ကမ်းပေးသည်။

"ရှုစားပါဦး မိမိရဲ့"

မိဖုရားကြီးသည် ဝမ်းမြောက်စွာ ရွှေကြုတ်ကို ဖွင့်သည့် တစ်ခဏဝယ် ဝင်းခနဲ သလင်းကျောက်အရောင် ပြိုးပြက်သည်။ ထိုအရောင်နှင့် အသားကို ထိသည့်ခဏဝယ် သုစိတ္တာမိဖုရားကြီး ပက်လက်လန်ကျသွားလေသည်။



သုမာလာမိဖုရားကြီးကကော မည်သို့ ရှိသနည်း။

ဓမ္မဥဇုမင်းကြီး ဥယျာဉ်တော်ကစားထွက်ရာသို့ မိဖုရားအငယ်များ ခစားလိုက်ပါကြသော်လည်း မိဖုရားကြီးမှာမူ သုမာလာတစ်ပါးတည်းသာ ပါလာသည်။ ရေကန်တော်သို့ ဘုရင်ကြီး ကြွမြန်းရာတွင် မိဖုရားကြီးက ခစားမပျက်ချေ။

"ဥယျာဉ်မှူး၊ ကြာညိုပန်းတွေ ခူးပြီး ဆက်စမ်းဟဲ့၊ ငါနဲ့ မိဖုရားကြီး သုံးဆောင်ဖို့"

ဥယျာဉ်မှူးသည် တစ်ခဏတွင်းပင် ကြာညိုပန်းများကို ခူးယူပြီး ရေစင်ကြယ်စွာ ဆေးလျက် ရွှေလက်တော်သို့ ဆက်သသည်။ ဘုရင်မင်းမြတ်သည် ကြာညိုနှစ်ပွင့်ကို ရွှင်လန်းစွာ ကောက်ယူပြီး နားနှစ်ဖက်၌ ပန်ဆင်သည်။

"မမွှေးဘူးလား မိမိရဲ့၊ ပန်လေ"

"မှန်လှပါ၊ မွှေး- မွှေး"

သုမာလာမိဖုရားကြီးမှာ ဆုံးအောင် မတင်နိုင်။ ကြာညိုပန်းရနံ့နှင့် အသားနှင့် ထိလျှင် ထိချင်း မေ့မျော ခွေကျသွားတော့သည်။

ဇော်ဂျီပညာသိလသည် နုနယ်လွန်းသော မိဖုရားသုံးပါး အကြောင်းကို စီကာပတ်ကုံးလျှောက်တင်အပြီးတွင် ဤသို့ လျှောက်၏။

www.burmeseclassic.com

www.burmeseclassic.com



"အရှင်မင်းကြီးဟာ ပညာလည်းကြီးတယ်၊ တရားဆုံးဖြတ်ရာမှာလည်း အလွန်ကျွမ်းကျင်ဖြောင့်မတ်တယ်၊ ဒါကြောင့် မိဖုရားသုံးပါးမှာ ဘယ်သူ အနုနယ်ဆုံး၊ ဘယ်သူ အသိမ်မွေ့ဆုံး ဆိုတာ ဆုံးဖြတ်ပေးတော်မူပါ ဘုရား"

စကားမပြောရန် ခန္တီသီလ မှာကြားသည်ကို ကြမ္မာဒိုက်မင်းကြီး မေ့နေသည်။ တရားဆုံးဖြတ်မှု၌ ဝါသနာကြီးသူပီပီ–

"ကြာညိုပန်းအနံ့ထိ၍ မိန်းမောသောမိဖုရားသည် အနုနယ်ဆုံး၊ အသိမ်မွေ့ဆုံး ဖြစ်ပေသည်"

ဟု မိန့်ကြားတော်မူလိုက်မိလေ၏။

# မည်သူ ထူးလွန်းသနည်း



www.burmeseclassic.com

www.burmeseclassic.com

“မင်းတကာတို့ထက် မြတ်သောမင်းကြီး။ အရှင်မင်းကြီးဟာ တရားစီရင်ရာမှာ လိမ္မာသူဖြစ်ပါတယ်။ ဒါကြောင့် ပုံပြင်ထဲက ခရီးသွားလေးယောက်မှာ ဘယ်သူအတော်ဆုံးဆိုတာ အဆုံးအဖြတ်ပေးတော်မူပါဘုရား”



## မည်သူ ထူးလွန်းသနည်း

“ခပ်သိမ်းသော ရထားစီး မင်းတကာတို့ထက် မြတ်သော အရှင်မင်းကြီး၊ ကျွန်တော်မျိုး ပုံတစ်ပုံ လျှောက်ပါရစေ ဘုရား”

သီတာအကျင့်ကို ကျင့်သုံးဆောက်တည်နေသော ပညာ သီလဖော်ဂျီသည် ကြမ္မာဒိုက်မင်းကြီးအား ထိုသို့ လျှောက်ထား ခွင့်ပန်ပြီးနောက် တင်လျှောက်သောပုံပြင်မှာ အောက်ပါအတိုင်း ဖြစ်လေသည်။

ရှေးသရောအခါက ဂန္ဓာလရာဇ်ပြည်တွင် ဂန္ဓာလရာဇ်မင်းသည် မင်းပြုတော်မူ၏။ တစ်နေ့သ၌ ထိုမင်း၏ နေပြည်တော်မှ လူလေးယောက်သည် အတူတကွ ခရီးထွက်ခွာလာကြသည်။ သူတို့ကား မင်းသားနှင့် အမတ်သား၊ ပုဏ္ဏားသား၊ သူဌေးသား တို့ဖြစ်ပေသည်။ သူတို့ဦးတည်ရာအရပ်ကား တက္ကသိုလ်ပြည် ပင်တည်း။

သူတို့သည် လမ်းခရီးအကြား၌ မင်းမှုထမ်းတစ်ဦးနှင့် တွေ့ဆိုင်တွေ့ကြသည်။ မင်းမှုထမ်းများသည် တုတ်၊ လှံတံများ

www.burmeseclassic.com



ကိုင်စွဲလျက် ပျာယီးပျာယာ ပြေးလွှားလာကြလေသည်။ တစ်စုံတစ်ရာ ပျောက်သောကြောင့် လိုက်လံ ရှာဖွေကြဟန် ရှိ၏။

"မင်းမာတို့ ဘာဓာရှာကြသတုန်း"

မင်းသားက စပ်စုသောအခါ မင်းမှုထမ်းတစ်ယောက်က ဖြေ၏။

"ဘုရင့်ဥယျာဉ်တော်က ဘုရင်မင်းမြတ်ရဲ့ သမင်တစ်ကောင်ပျောက်သွားလို့"

မင်းသားသည် အငြိမ်မနေဘဲ "မင်းတို့ ပျောက်တဲ့ သမင်ဟာ သမင်ကြီး မဟုတ်လား" ဟု မေး၏။

"ဟုတ်တယ် ဟုတ်ပါတယ်ဗျာ"

မင်းမှုထမ်းများက ဝမ်းသာအားရပြန်လည်ဖြေကြားလျှင် အမတ်၏သားက ဝင်ရောက်ပြီး လျှာချောင်ပြန်သည်။

"ခင်ဗျားတို့ သမင်ဟာ သမင်မပဲ"

"မှန်ပါတယ်၊ ဟုတ်ပါတယ်"

ထိုသူထံမှ သဲလွန်စရတော့မည်အထင်ဖြင့် မင်းမှုထမ်းများ ဝမ်းသာအားရ ဖြေကြပြန်၏။

"အဲဒီသမင်မမှာ ကိုယ်ဝန်ရှိတယ်နော်"

ဝင်စွက်သူကား သူဌေးသား။

မင်းမှုထမ်းများ ပို၍ ဝမ်းသာအားတက်သွားကြကာ

"ဟုတ်ပါတယ်၊ ဒက်ထိပါပဲ" ဟု အလုအယက် ဖြေကြ၏။

ထိုစဉ်တွင် ပုဏ္ဏားသားကလည်း အားကျမခံ ပါပြန်သည်။

"ဒါတွင် ဘယ်ကဦးမလဲ၊ အဲဒီသမင်ဟာ ညာဘက်မျက်စိ



ကွယ်နေတယ် မဟုတ်လား"

"အမှန်ပါပဲ၊ အဟုတ်ပါပဲ မောင်တို့ရာ၊ နို့ အဲဒီသမင်ကို ဘယ်နားမှာ မြင်ခဲ့သတုန်း"

"ဟင့်အင်း၊ မမြင်ခဲ့ မတွေ့ခဲ့ပါဘူး"

မင်းမှုထမ်းများသည် တအံ့တသြ ဖြစ်သွားရာက တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြသည်။ ထိုအခါတွင် ခေါင်းအကြီးလုပ်သူက သူဌေးသားထံ စုံစမ်းပြန်၏။ သူဌေးသားကလည်း မတွေ့ခဲ့ပါဟု တုံ့ပြန်၏။

ထိုနည်းတူပင် အမတ်သားနှင့် မင်းသားကလည်း လမ်းတွင် မည်သည့်သမင်မျှ မတွေ့ခဲ့ကြောင်း ဖြေကြသည်။ သမင်ပျောက် ရှာဖွေသူများသည် ထိုသူလေးယောက်အား ချက်ချင်း ဝန်းရံလိုက်ကြသည်။

"ပျောက်တဲ့သမင်ကို အတိအကျပြောပြီး ဘယ်မှာ တွေ့ခဲ့ မြင်ခဲ့သလဲ မေးတော့မှ မတွေ့ခဲ့ မမြင်ခဲ့ဘူးတဲ့။ သူခိုးမို့သာ အတိအကျ ပြောနိုင်တာပေါ့"

"အသင်တို့ မှားနေပြီ၊ ငါတို့ သူခိုး မဟုတ်ဘူး"

မင်းသား၏ ငြင်းဆိုစကားကို ခေါင်းအကြီးက လက်မခံ။

"ပြည့်ရှင်မင်းရဲ့ ရှေ့တော်မှောက်မှာ ရှင်း။ အခုတော့ ဘုရင့်သမင် ခိုးတဲ့ သူခိုးအဖြစ် ဖမ်းရမယ်"

တက္ကသိုလ်ပြည်သို့ သွားမယ့်လေးယောက်မှာ ဆက်လက် ငြင်းဆန်မနေတော့ဘဲ ဘုရင့်ရှေ့တော်သို့ လိုက်လာကြလေ၏။ ခေါင်းအကြီးလည်း သမင်ပျောက်၍ လိုက်လံရှာဖွေပုံ၊ ရှိုးသွား

www.burmeseclassic.com

www.burmeseclassic.com



[illegible] ခရီးသွားတစ်ဦးစီ ပြောပုံများကို တင်လျှောက်ပြီး [illegible] ဟု၍သို့ နိဂုံးချုပ်၏။

"ပျောက်သွားတဲ့ သမင်ဟာ အမ ဖြစ်တယ်၊ ကိုယ်ဝန်ရှိ [illegible] ညာဘက်မျက်စိကန်းနေတယ်လို့ သူတို့ ပြောပါတယ် [illegible] အမှန်လည်း အမှန်ပါပဲဘုရား။ ဘယ်မှာ တွေ့ခဲ့သလဲ မေးတော့မှ မတွေ့ခဲ့ဘူးလို့ ဖြောင်လိမ်ပါတယ်ဘုရား။ ဒါကြောင့် သူတို့ ခိုးလို့သာ အတိအကျ ပြောနိုင်တာ ဖြစ်ပါတယ် ဘုရား။ ဒီအတွက် ဖမ်းဆီးဆက်သတာပါ ဘုရား"

ဘုရင်ကား ပညာရှိသည်။ သူခိုးဟု အစွပ်စွဲခံရသူ လေးဦး၏ မျက်နှာရိပ် မျက်နှာကဲကို ကြည့်ရာမှဖြင့် သူခိုးမဟုတ်ဟု သိသည်။ သို့သော် ခေါင်းအကြီး၏ စွပ်စွဲချက်များ ပြေလည်အောင် စစ်မေးရန် လိုအပ်နေ၏။ သို့အတွက် စတင်စစ်မေး၏။

"သူ တင်လျှောက်တာကို မောင်မင်းတို့ ဘာများ ငြင်းချင်သလဲ"

"သူ့ပြောတဲ့ အဖြစ်အပျက်ဟာ မှန်ကန်ပေမယ့် အရှင်မင်းကြီးရဲ့ သမင်ကိုတော့ မခိုးပါ ဘုရား"

မင်းသားသည် ချေပရာက "သမင်ကို မမြင်ဘဲ သမင်ကြီး လို့ ပြောနိုင်တာကတော့ ခြေရာကိုကြည့်ပြီး ပြောတာပါ ဘုရား" ဟု ရှင်းပြ၏။

အမတ်သားကလည်း "သမင်ရေကျတဲ့ဥစ္စာ ဖရိုဖရဲရှိ တာ မြင်လို့ သမင်မလို့ ပြောနိုင်တာပါ ဘုရား" ဟု လျှောက် ထားသည်။



သူဌေးသားကမူ "သမင်ရဲ့နောက်ခြေနှစ်ချောင်းအရာဟာ မြေကြီးထဲမှာ စိုက်ဝင်နေလို့ ကိုယ်ဝန်ဆောင်လို့ ပြောတာပါ" ဟု ရှင်းပြသည်။ ပုဏ္ဏားလုလင်ကလည်း သမင်သွားတဲ့လမ်းတစ်လျှောက်မှာ ဘယ်ဘက်က မြက်တွေချည်း စားသွားတာတွေ့လို့ ညာဘက်က ကွယ်နေတယ် ဆိုတာပါ ဘုရား" ဟု ရှင်းပြသည်။

သို့စဉ်တွင် မင်းမှုထမ်းတစ်ယောက် ရှေ့တော်သို့ အပြေးအလွှားဝင်ရောက်လာသည်။ "ပျောက်သွားတဲ့ ကိုယ်ဝန်ဆောင် သမင်မ ချုံထဲဝင်အိပ်နေတာ တွေ့ပါပြီ ဘုရား" ဟု သံတော်ဦး တင်၏။

ဂန္ဓာလရာဇ်ဘုရင်မင်းမြတ်လည်း ခရီးသွားလေးယောက်အား ပညာရှိပါပေသည်ဟု ချီးမွမ်းပြီး ဆုလာဘ်များစွာ ပေးသနားတော်မူလိုက်သည်။

"မင်းတကာတို့ထက် မြတ်သောမင်းကြီး၊ အရှင်မင်းကြီးဟာ တရားစီရင်ရာမှာ လိမ္မာသူဖြစ်ပါတယ်။ ဒါကြောင့် ပုံပြင်ထဲက ခရီးသွားလေးယောက်မှာ ဘယ်သူ အတော်ဆုံးဆိုတာ အဆုံးအဖြတ် ပေးတော်မူပါ ဘုရား"

ကြမ္မာဒိုက်မင်းကြီးသည် အမှုအခင်းကြုံလျှင် စိတ်ဝင်စားတတ်သူပီပီ မတုံ့မဆိုင်း ဆုံးဖြတ်တော်မူသည်မှာ "သမင်မမှာ ကိုယ်ဝန်ရှိ၏ဟူ၍ဆိုသောသူသည် အတော်ဆုံး ဖြစ်ပေ၏" ဟူ၍ ဖြစ်ပေသတည်း။

www.burmeseclassic.com

# ရွှေပင်အောက်ကနတ်သမီး



www.burmeseclassic.com

www.burmeseclassic.com

ထို့ထက်ထူးဆန်းသော
အရာရှိသေးသည်။ ယင်းမှာ
ရွှေပင်အောက်တွင် တေးသီနေသော
အလွန်လှပသည့် နတ်သမီး။



## ရွှေပင်အောက်က နတ်သမီး

သိတာအကျင့်ကို ကျင့်သော ပညာသိလ ဇော်ဂျီက ကြမ္မာ ဒိုက်မင်းကြီးအား ဤသို့ လျှောက်ထား၏။

"အရှင်မင်းကြီးအား ပုံပြင်တစ်ပုဒ် တင်လျှောက်ပါရစေဦး"

မင်းကြီးက မည်သို့မျှ မိန့်တော်မမူသော်လည်း ဇော်ဂျီသည် ပုံပြင်တစ်ပုဒ်ကို ဆက်လက်လျှောက်ထားလေ၏။

"ရှေးလွန်လေပြီးသောအခါက ရတနာပူရအမည်ရှိတဲ့ တိုင်းပြည်ကြီးတစ်ပြည် တည်ရှိခဲ့ပါတယ် ဘုရား။ တစ်နေ့သော အခါမှာတော့ ပြည့်ရှင်မင်းဟာ ဟိုတိုင်းပြည် ဒီတိုင်းပြည်တွေ ဘယ်လိုရှိသလဲ သိရအောင် လျှောက်ကြည့်ချင်စိတ် ပေါ်လာပါ တယ် ဘုရား။ ဒါပေမဲ့ ပြည့်ရှင်မင်းအဖြစ်နဲ့ သွားရင် သက်ဆိုင် ရာတိုင်းပြည်က လက်ခံဖို့ လိုပါတယ် ဘုရား။ စစ်သည်ဗိုလ်ပါ အခြံအရံ အဆောင်အယောင်တွေနဲ့ လွတ်လွတ်လပ်လပ်လည်း မရှိပါ ဘုရား"

သို့ဖြစ်သောကြောင့် ရတနာပူရပြည့်ရှင်မင်းသည် ကြည်

www.burmeseclassic.com

ရသော အမတ်တစ်ယောက်အား ထီးနန်းကို လွှဲအပ်ပစ်ခဲ့သည်။ သူမူ အညတြအရပ်သားအသွင်ဖြင့် ထွက်လာခဲ့လေသည်။

ပြည်စောင့်ကျန်ခဲ့သော အမတ်သည် ဘုရင်မင်းမြတ်၏ သူ့[illegible]မှုကို တန်ဖိုးမထားပေ။ အခြားအမတ်တွေ အကျင့်စာရိတ္တပျက်စီးအောင် သွေးဆောင်ဖျက်ဆီးသည်။ ထိုမျှဖြင့် အားမရသေးဘဲ တိုင်းသူပြည်သားများကိုလည်း စိတ်နေစိတ်ထားမကောင်းအောင် ပြုလုပ်လေ၏။ တစ်တိုင်း တစ်ပြည်လုံး လောင်းကစားပွဲများ တခြိမ့်ခြိမ့်၊ သူရာရည်များချောင်းစီးလျက် ဖြစ်ချင်တိုင်း ဖြစ်နေစဉ်တွင် သုံးနှစ်ကြာမြင့်သွားလေ၏။

ပြည့်ရှင်မင်းလည်း မထင်မရှားအရပ်သားဟန်ဖြင့် အတိုင်းတိုင်းအပြည်ပြည်သို့ လှည့်လည်သွားလာရာက သုံးနှစ်အကြာတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာတော့သည်။

အမတ်သည် ပြည့်ရှင်မင်း မည်သည့်နည်းနှင့်မျှ ပြန်လာမည်မဟုတ်ဟု ယုံကြည်ထားသည်။ ထို့ကြောင့် ထင်ရာတွေ လုပ်နေခြင်း ဖြစ်၏။ ယခု ပြည့်ရှင်မင်း ဘွားခနဲ ပေါ်လာသောအခါ နေစရာမရှိအောင် ကြောက်ရွံ့သည်။ မပျက်စီးဘဲ ကြွင်းကျန်နေသေးသောမှူးမတ်တွေက သူ့အကြောင်းကို တင်လျှောက်ကြတော့မည်။ ထိုအခါတွင် သူ့အတွက် ထောင်တန်းနှင့် ကားစင်တစ်ခုခုနှင့် မုချဆုံရတော့မည်။

သို့အတွက် အပြစ်မရှိမိ တိမ်းရှောင်ရန်ကြံပြီး ဤသို့ လျှောက်ထား၏။

“အရှင်မင်းကြီး ကြွရောက်လာတော်မူမှပဲ ကျွန်တော်မျိုးရဲ့



ခေါင်းပေါ်က ဝန်ထုပ်ဝန်ပိုးကြီး ကျသွားပါတယ်ဘုရား။ ဒါကြောင့် ကျွန်တော်မျိုးကိုလည်း ခရီးထွက်ခွင့် ပေးတော်မူပါဘုရား”

“ကောင်းပေစွ မောင်မင်း၊ ငါ ခွင့်ပြုသည်”

အမတ်ပျက်လည်း မင်းထံမှ အခွင့်ရလျှင် ရချင်း သင်္ဘောဆိပ်သို့ ဆင်းလာသည်။ သိန်းဃိုကျွန်းသို့ သွားမည့် သင်္ဘောတစ်စင်းတွင် မိတ်ဆွေ သူဌေးတစ်ယောက်ကို တွေ့သဖြင့် ထိုသင်္ဘောနှင့် လိုက်ပါခဲ့လေ၏။

သင်္ဘောသည် သိန်းဃိုကျွန်းသို့ဦးတည်လျက် မဟာသမုဒ္ဒရာကိုဖြတ်ကာ ရွက်လွှင့်လာလေ၏။ သုံးရက်ခန့်ကြာပြီးနောက် သင်္ဘောသည် သေးငယ်သောကျွန်းတစ်ကျွန်းအနီးမှ ဖြတ်သန်းသွား၏။ ကုန်းပတ်ပေါ်ရှိ လူတိုင်းသည် ကျွန်းဘက်သို့ လက်ညှိုးတထိုးထိုး ရှိကြသည်။ အမတ်ပျက် လှမ်းကြည့်သည်။ ရွှေသီး၊ ရွှေပွင့်၊ ရွှေရွက်တွေရှိသော ရွှေပင်တစ်ပင်။

ထို့ထက် ထူးဆန်းသောအရာ ရှိသေးသည်။ ယင်းမှာ ရွှေပင်အောက်တွင် စားသိနေသော အလွန်လှပသည့် နတ်သမီး။

အမတ်ပျက်သည် သင်္ဘောပေါ်မှ ခုန်ချသည်။ ရေကူးပြီး ကျွန်းပေါ်သို့ တက်သည်။ နတ်သမီးထံသို့ အမောတကော ပြေးသည်။ နတ်သမီးလည်း အမတ်ပျက်ကိုမြင်လျှင် ရွှေပင်အောက်မှ ပြေးထွက်သွားသည်။ ထို့နောက် ရေထဲသို့ ခုန်ချကာ ငုပ်လျှိုး ပျောက်ကွယ်သွားလေ၏။

အမတ်ပျက်မှာ တောက်တခေါက်ခေါက်နှင့် ကျန်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့စဉ်တွင် သင်္ဘောမှ လွှတ်လိုက်သောလှေ ရောက်လာသဖြင့် သင်္ဘောပေါ်သို့ ပြန်တက်ခဲ့ရလေ၏။

နှစ်အနည်းငယ် ကြာသောင်းချိန်တွင် အမတ်ပျက်သည် ရတနာပူရနေပြည်တော်ကို လှမ်းဆွတ်လာသည်။ ကိုယ့်တိုင်းကိုယ့်ပြည်၊ ကိုယ့်မြေကိုယ့်ရေ၊ ကိုယ့်လူမျိုးထက် မည်သည့်ပြည် မည်သည့်လူမျိုးမျှ ပို၍မကောင်းကြောင်း သဘောပေါက်လာသည်။ ပြုမိသမျှ မသမာမှုအတွက် ပြည့်ရှင်မင်းပေးသမျှ ရာဇဒဏ်ကို ခံတော့မည်ဟု စိတ်ပိုင်းဖြတ်လျက် ရတနာပူရသို့ ပြန်လာခဲ့လေ၏။

သူပြန်ရောက်သည်ဟု ကြားလျှင်ကြားချင်း မင်းတရားကြီးသည် မင်းချင်းတစ်ယောက်ကို စေလွှတ်ပြီး အမတ်ပျက်ကို ခေါ်တော်မူသည်။

"မောင်မင်း မည်သည့်အရပ်သို့ ရောက်ခဲ့သနည်း။ မည်ကဲ့သို့သော ထူးဆန်းအံ့သြဖွယ်ရာများ တွေ့ခဲ့သနည်း"

နှစ်ပေါင်းများစွာ ကြာသောင်းခဲ့သဖြင့် အမတ်ပျက် ဖျက်ခဲ့သော မှုးမတ်များနှင့် တိုင်းပြည်လည်း ပြန်လည်ကောင်းမွန်နေပေပြီ။ အမတ်ပျက်အား အခဲမကျေသူ အများစုလည်း ကွယ်လွန်ခဲ့ပြီ။ ပြည့်ရှင်မင်းလည်း အမတ်ပျက်၏ မကောင်းမှုများကို မေ့လျော့ပြီး ကောင်းမွန်စွာ မေးမြန်းတော်မူ ခြင်းဖြစ်၏။

အမတ်ပျက်လည်း သူရောက်ခဲ့သော တိုင်း၊ နိုင်ငံ၊ မြို့ရွာများအကြောင်းကို စီကာပတ်ကုံး တင်လျှောက်ပြီးနောက် အောက်ပါအချက်ကို တင်လျှောက်သည်။



"အရှင်မင်းကြီး၊ သိန်းဃိုပြည်ကိုရောက်ဖို့ သုံးရက်ခရီး အလိုမှာ ကျွန်းတစ်ကျွန်း တွေ့ခဲ့ပါတယ်ဘုရား။ ကျွန်းသေးသေးကလေးပေါ်မှာ ရွှေပင်"

အမတ်ပျက်က သူကြုံခဲ့သည့် နတ်သမီးအကြောင်းကို တင်လျှောက်သဖြင့် မင်းတရားစိတ်အားထက်သန်တော်မူသည်။ ချက်ချင်း ရွှေဖေါင်တောင်တစ်စင်း စီစဉ်ပြီး အမတ်ပျက်အား လမ်းညွှန်ခိုင်းလျက် တိုင်းတော်ပြည်တော်မှ ထွက်ခွာလာခဲ့လေသည်။

မဟာသမုဒ္ဒရာကို ရက်အနည်းငယ်ဖြတ်သန်းပြီးနောက် ရွှေရောင်တဝင်းဝင်းနှင့် ရွှေပင်ကို အဝေးမှပင် လှမ်းမြင်ရသည်။ ကျွန်းအနီးသို့ သင်္ဘောရောက်ချိန်ဝယ် ရွှေပင်အောက်က နတ်သမီးကို လှမ်းမြင်ရသည်။

နတ်သမီးသည် ရတနာပူရဘုရင် ရွှေပင်အောက်သို့ ရောက်လာတော့မှ ထွက်ပြေးသည်။ ရှေးနည်းအတိုင်း ရေထဲ ဆင်းပြေးသည်။ ဘုရင်လည်း လေးတော်နှင့် သန်လျက်ကိုင်လျက် ရေထဲသို့ ငုပ်ပြီး လိုက်လာသည်။

"အနည်းငယ်ကူးခတ်ပြီးသော် နတ်သမီးက လှည့်မေးသည်။

"ရှင် ဘယ်သူတုန်း"

"ငါသည်ကား ရတနာပူရပြည့်ရှင်မင်း ဖြစ်သည်"

"အရှင်မင်းကြီး ကျွန်တော်မျိုးမနဲ့ အတူနေချင်ရင် လပြည့်ကျော်လေးရက်နေ့တိုင်း ကျွန်တော်မကို ခွင့်ပေးရပါလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ ငါ ကိုယ်တော်မြတ် အခွင့်ပေးသည်"

ပြည့်ရှင်မင်းသည် နတ်သမီး၏ဗိမာန်သို့ လိုက်ပါသွားကာ အတူစံစားနေ၏။ နတ်သမီးလည်း လပြည့်ကျော်လေးရက်တိုင်း ခွင့်ပန်ကာ ပျောက်ကွယ်သွား၏။ သုံးလကြာသောအချိန်တွင်ကား ပြည့်ရှင်မင်းသည် နတ်သမီးနောက်မှ နောက်ယောင်ခံပြီး လိုက်လာတော့သည်။

နတ်သမီးသည် နောက်သို့ လှည့်မကြည့်ဘဲ သွားသည်။ ဥယျာဉ်တစ်ခုထဲရှိ ဘီလူးတစ်ကောင်ရှေ့တွင် သွားရောက်ရပ်သည်။ ဘီလူးက နတ်သမီးကို ကောက်ယူကာ ပါးစပ်ထဲသို့ မစ်သွင်း မျိုချလိုက်လေသည်။

ရတနာပူရပြည့်ရှင်မင်းလည်း ချက်ချင်း ပြေးဝင်သည်။ ဘီလူးကို သတ်ပြီး ဝမ်းကို ခွဲလိုက်ရာ နတ်သမီးသည် ရှိနိုးလျက် ပေါ်လာ၏။

"ကျေးဇူးကြီးလှပါတယ် အရှင်၊ ကျွန်တော်မမှာ ဘီလူး ညကမျို၍ နံနက်တွင် စအိုမှ ပြန်ထွက်ရတဲ့ ဝဋ်ကို ခံခဲ့ရတာ ၂–နှစ် ရှိပါပြီ။ ကနေ့မှပဲ ဝဋ်ကျွတ်တဲ့အတွက် သွားပါရစေတော့"

ပြောပြောဆိုဆို နတ်သမီး ပျောက်ကွယ်သွားသည်။ ပြည့်ရှင်မင်းလည်း 'ဝဲခနောင်း' ထက်သို့ တက်ထိုင်ရာ 'ရေခနောင်း' သို့ ရောက်၏။ ထိုကမှ သင်္ဘောပေါ်သို့ မင်းကြီး ရောက်၏။ မင်းကြီးရောက်ချိန်ဝယ် အမတ်ပျက်မှာ အဆိပ်စားပြီး သေနှင့်လေ၏။



ပုံပြင်အဆုံး၌ ဇော်ဂျီက ပြဿနာတင်၏။

"အရှင်မင်းကြီးဟာ တရားဆုံးဖြတ်ရာမှာ ကျွမ်းကျင်တယ်လို့ သတင်းကြီးပါတယ် ဘုရား၊ ဒါကြောင့် အမတ်သေတဲ့အပြစ်က ဘယ်သူ့မှာ ကျရောက်ပါသလဲ ဘုရား"

"အမတ်ကြီးသည် ရှေးက သည်အရပ်ဌာနကို စွဲလမ်းမိသည် တစ်ကြောင်း၊ နတ်သမီးမပါဘဲ ပြည့်ရှင်မင်းချည်း ပေါ်လာသည်ကိုမြင်လျှင် နတ်သမီးအား လိုချင်ဇောကြီးသည့်တစ်ကြောင်း တို့ကြောင့် သေနှင့်ခြင်း ဖြစ်သည်။ ရတနာပူရပြည့်ရှင်မင်း၌ အပြစ် မရှိ။ အမတ်တွင်သာ အပြစ်ရှိသည်။"

ကြမ္မာဒိုက်မင်းကြီးသည် ဇော်ဂျီ၏ အမေးကို လျင်မြန်စွာ ဖြေဆိုခြင်းဖြင့် အဆုံးအဖြတ်ပေးလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

# မည်သူပိုင်သင့် မပိုင်သင့်



www.burmeseclassic.com

www.burmeseclassic.com

"အဲဒီလုလင်သုံးယောက်တို့မှာ
မန္တန်ရွတ်တဲ့လုလင်ဟာ
သတို့သမီးရဲ့ခင်ပွန်း ဖြစ်သင့်သလား။
ဒါမှမဟုတ် အရိုးအိုးကို
လွယ်ထားသူပဲ ဖြစ်သင့်သလား။
သို့မဟုတ် မီးသဂြိုဟ်တဲ့ မြေပေါ်မှာ
တဲထိုးနေသူပဲ သတို့သမီးကို
ရသင့်သလားဘုရား။ အရှင်မင်းကြီးဟာ
တရားစီရင်ဆုံးဖြတ်ရာမှာ
ကျွမ်းကျင်သူအဖြစ်
ကျော်ကြားတဲ့အတွက်
အဆုံးအဖြတ်ပေးတော်မူပါဘုရား"



## မည်သူ ပိုင်သင့် မပိုင်သင့်

"အရှင်မင်းကြီးအား ပုံပြင်တစ်ပုဒ် ထပ်မံလျှောက်ထားပါရစေဦး။ ရွှေနားနှစ်ဆူ ပန်ဆင်တော်မူပါဦး ဘုရား"

သီတာအကျင့်ကို ကျင့်သော ပညာသီလဇော်ဂျီသည် ကြမ္မာဒိုက်မင်းကြီးအား ပုံပြင်တစ်ပုဒ် ထပ်မံဆက်သပြန်သည်။ ပညာသီလ ဆက်သသောပုံပြင်မှာ အောက်ပါအတိုင်း ဖြစ်ပေ၏။

ရှေးသရော်အခါက ပုဏ္ဏားတစ်ယောက် ရှိခဲ့သည်။ ထိုပုဏ္ဏားတွင် သမီးပျိုတစ်ယောက်ရှိရာ အဆင်းရုပ်ကာလှပချောမောပြေပြစ်လှပေသည်။ တစ်နေ့တွင် ပုဏ္ဏားလုလင်တစ်ယောက်သည် လက်ဆောင်ပစ္စည်းများနှင့် ရောက်လာသည်။ ပစ္စည်းများကို ပုဏ္ဏားကြီး၏လက်ထဲသို့ ထည့်ပြီးနောက် ရိုသေစွာ ရှိခိုးသည်။

"အရှင်ပုဏ္ဏားကြီးရဲ့ သမီးကို ကျွန်တော်ချစ်ခင်စုံမက်မေတ္တာသက်ဝင်နေတဲ့အတွက် ကျွန်တော်နဲ့ ပေးစားတော်မူပါ ခင်ဗျား"

www.burmeseclassic.com

www.burmeseclassic.com



ပုဏ္ဏားကြီးသည် လုလင်၏အမည်၊ မိဘမျိုးရိုးနှင့် နေရပ်များကို မေးမြန်းပြီးနောက် "မျိုးကောင်း ရိုးကောင်းပဲကွ၊ ငါ့သမီးကို မင်းနဲ့ ပေးစားမယ်၊ အိမ်မှာ ကိုယ်ခွဲမရှိတော့ အိမ်မှုကိစ္စတွေ ကူညီပေါ့ကွာ၊ အချိန်ကျရင် ရမှာပေါ့" ဟု ကတိပေးလိုက်သည်။

လုလင်လည်း သူမြတ်နိုးသော သတို့သမီးကို ရတော့မည်ဖြစ်သဖြင့် ထိုအိမ်တွင် နေသည်။ အိမ်မှုကိစ္စတွေကို မနားတမ်း လုပ်သည်။ သို့သော် ပုဏ္ဏားကြီးကား ကတိစကားတစ်လုံးကို တန်ဖိုးထားသူ မဟုတ်ချေ။ အကြောင်းသော်ကား "သမက်တော်ပါရစေ" ဟု လာရောက်ပြောသော အခြားလုလင်နှစ်ယောက်ကိုလည်း ကတိပေးလိုက်သောကြောင့် ပေတည်း။

မိန်းမချောကို အလိုရှိသောကြောင့် ပုဏ္ဏားကြီး၏အိမ်တွင် အစေအပါးခံနေသူ သုံးယောက်ရှိသွားပြီ။ တစ်ယောက်က အိမ်မှုကိစ္စဆောင်ရွက်ရသည်။ နောက်တစ်ယောက်က ယာထဲတွင် နေရသည်။ ကျန်တစ်ယောက်မှာသော်ကား နွားကျောင်းရသည်။ ထို့ကြောင့် ၎င်းသုံးယောက် မဆုံဖြစ်ချေ။ သို့သော် လုလင်သုံးယောက် မဆုံလျှင် မဖြစ်သော နေ့တစ်နေ့ကို ဆိုက်ရောက်လာလေ၏။ ထိုနေ့ကား လုလင်သုံးယောက်က ချစ်ခင်မြတ်နိုးသော သတို့သမီး ရုတ်တရက် ကွယ်လွန်သွားသောနေ့ ပေတည်း။

လုလင်သုံးယောက်လုံး ဝမ်းနည်းကြေကွဲစွာဖြင့် ပုဏ္ဏား၏အိမ်ကို စွန့်ခွာကြသည်။ သို့ရာတွင် စွန့်ခွာပုံချင်း မတူကြပေ။

ပဌမလုလင်သည် ကွယ်လွန်သူအား တမ်းတချက် အရပ်တကာသို့ လှည့်လည်သွားလာသည်။ မိပစ်ဖပစ် တန်းတန်းစွဲနေခဲ့ပြီးမှ မိဘရပ်ထံ မပြန်တော့ပြီဟု စိတ်ပိုင်းဖြတ်ထားသည်။

ဒုတိယလုလင်ကား တစ်မျိုး။

ချစ်သူ လူသားကို မပေါင်းလိုက်ရစေကာမူ ချစ်သူ၏ အရိုးကို မွေ့ထားရလျှင် သေပျော်သည်။ သို့ကြောင့် သူသည် ကွယ်လွန်သူ သတို့သမီး၏ အရိုးကို ရေဆေးကာ အိုးထဲထည့်ပြီး လွယ်ထားသည်။

နောက်ဆုံးလုလင်ကား အသည်းဆုံး အကဲဆုံး ဖြစ်သည်။

ချစ်သူကို သဂြိုဟ်တဲ့နေရာကို တစ်နေ့ကို သုံးကြိမ် ကြည့်ရမှ ဖြစ်မည်။ သို့ဖြစ်သဖြင့် သူသည် အမျိုးဇာတ်အပျက်ခံကာ သင်္ချိုင်းတွင် တဲထိုးပြီး နေထိုင်လေသည်။

ပဌမလုလင်သည် အရပ်တကာသို့ လှည့်လည်သွားလာစဉ် ပုဏ္ဏားသားအမိ သားအဖသုံးယောက်၏အိမ်သို့ ရောက်သွားသည်။ သူသည် "သူသေအား ရှင်စေသောမန္တန်" ပါရှိသည့် ကျမ်းကို အမှတ်မထင်တွေ့သဖြင့် ဝမ်းသာအားရ ယူလာခဲ့သည်။

သူသည် သူ၏ချစ်သူကွယ်လွန်သောအရပ်သို့ ရောက်လျှင်ရောက်ချင်း ဒုတိယလုလင်အား အရေးတကြီး လိုက်လံ ရှာဖွေသည်။ သွားလေရာသို့ အရိုးအိုးကိုလွယ်လျက် ယူသွားသော လုလင်အား တွေ့လျှင်တွေ့ချင်း သင်္ချိုင်းသို့ ဆွဲခေါ်လာခဲ့လေ၏။

လုလင်နှစ်ယောက်သည် သင်္ချိုင်းသို့ ရောက်လာ၏။ သဂြိုဟ်မြေကို တစ်နေ့လျှင် သုံးကြိမ်ကြည့်လို၍ တဲထိုးနေသူအား အကျိုးအကြောင်း ပြောပြသည်။ ထို့နောက် တဲကို ဆွဲဖျက်ကြသည်။ ချစ်သူ သတို့သမီးကို မီးရှို့ခဲ့သောနေရာ၌ အရိုးပြာကို

www.burmeseclassic.com



ဆက်စပ်စီခင်းသည်။ အရိုးတွေ မပြည့်စုံပါ။ မီးမလောင်သော အရိုးများကိုသာ ရသမျှဆက်စပ်ရသည်။

တတိယလုလင်သည် အရိုးစု၏ခေါင်းရင်း၌ မန္တန်ရွတ်စဉ် ကျန်နှစ်ယောက်က အရိုးစုကို ရေဖြင့်ဖျန်းသည်။ မီးလောင်သွားသော အရိုးများ ပြန်လည်ဖြစ်ပေါ်လာကာ ပြည့်စုံသော အရိုးစုကြီး ဖြစ်လာသည်။

မန္တန်ရွတ်သူကား ဆက်လက်ရွတ်မြဲ ရွတ်ဖတ်နေသည်။

ဒုတိယလုလင်နှင့် ပထမလုလင်တို့သည် အရိုးစုများကို ရေဖြင့် ထပ်မံဖျန်းကြပြန်သည်။ ဖွေးဖွေးလှုပ်သော အရိုးစုကြီးတွင် အသားအကြော အရေများ ဖြစ်ပေါ်လာလေ၏။

မန္တန်ရွတ်ဖတ်သူသည် အရွတ်အဖတ် မရပ်သေး။

သို့ဖြစ်၍ ပထမလုလင်နှင့် ဒုတိယလုလင်တို့သည် သတို့သမီးကို ရေစင်ဖြင့် တတိယအကြိမ်ဖျန်းဆွတ်ကြပြန်သည်။ သတို့သမီးအသေကောင်ကြီးတွင် ဝတ်စားတန်ဆာများ ဖြစ်ပေါ်လာ၏။ သနပ်ခါးပန်းမန် လိမ်းကျံပန်ဆင်လျက် အသက်ဝင်ကာ ထထိုင်လေတော့၏။

လုလင်သုံးယောက် အဆမတန် ဝမ်းသာ၏။ ဖခင်ပုဏ္ဏားကြီးလည်း ထိုနည်းတူပင် ဖြစ်၏။ ကာယကံရှင် သတို့သမီးသော်ကား ဆိုဖွယ်ရာမရှိပြီ။ သို့သော် ဝမ်းသာခြင်းသည် တာမရှည်ပါ။

လုလင်သုံးယောက်သည် သတို့သမီးအား အလိုရှိသောကြောင့် သတို့သမီး၏အိမ်တွင် အစေအပါးခံနေခဲ့ကြသည်။



မမျှော်လင့်ဘဲ သတို့သမီး ကွယ်လွန်သောအခါတွင်လည်း မိဘအိမ်သို့ မပြန်ဘဲ ဘဝပျက်ခံခဲ့ကြသည်။ ယခု ထိုသတို့သမီး အသက်တစ်ဖန် ရှင်လာသောအခါ မည်သူ ပိုင်သင့်သနည်း။ ပြင်းထန်စွာ ငြင်းခုံလျက် ကြီးစွာသောခိုက်ရန်ဒေါသ ဖြစ်ကြလေပြီ။

ဖခင်ပုဏ္ဏားကြီး မည်သို့ ဖြေရှင်းမည်နည်း။

ပုံပြင်သည် လွန်စွာစိတ်ဝင်စားဖွယ်ကောင်းသော အထွတ်အထိပ်ပိုင်းသို့ ရောက်လာခါမှ ပညာသီလ ဇော်ဂျီက ပုံပြင်ကို ရပ်ပစ်သည်။

“အဝန္တီပြည်ကြီးသခင် ဘုရင်မင်းမြတ် ဘုရား”

ဇော်ဂျီသည် ရောက်တတ်ရာရာစိတ်ကူးတို့ဖြင့် သီကုံးရက်ဖောက်ထားသော ပုံပြင်ကို ရပ်ကာ ပဋိသန္ဓာရစကားဆို၏။

“အဲဒီလုလင်သုံးယောက်တို့မှာ မန္တန်ရွတ်တဲ့လုလင်ဟာ သတို့သမီးရဲ့ ခင်ပွန်း ဖြစ်သင့်သလား။ ဒါမှမဟုတ် အရိုးအိုးကို လွယ်ထားသူပဲ ဖြစ်သင့်သလား။ သို့မဟုတ် မီးသင်္ဂြိုဟ်တဲ့မြေပေါ်မှာ တဲထိုးနေသူပဲ သတို့သမီးကို ရသင့်သလားဘုရား။ အရှင်မင်းကြီးဟာ တရားစီရင်ဆုံးဖြတ်ရာမှာ ကျွမ်းကျင်သူအဖြစ် ကျော်ကြားတဲ့အတွက် အဆုံးအဖြတ် ပေးတော်မူပါ ဘုရား”

ဇော်ဂျီ၏စကားအဆုံးတွင် မင်းတရားကြီးက

“လုလင်သုံးယောက်အနက် မန္တန်ရွတ်သူသည် အဖ လက္ခဏာနှင့် တူသောကြောင့် ဖခင်သာဖြစ်ကောင်းသည်။ အရိုးအိုး မပြတ်လွယ်၍ ထားသူသည်ကား ဆယ်လပတ်လုံး ကိုယ်ဝန်ဆောင်ရသောအမိ၏ လက္ခဏာနှင့် တူသောကြောင့် မိခင်အဖြစ်

www.burmeseclassic.com

www.burmeseclassic.com



တည်ကောင်းသည်။ မီးသဂြိုဟ်ရာ မြေပေါ်၌ နေထိုင်သော တစ်နေ့လျှင် သုံးခါငုံ့ကြည့်နေသူမူ လင်၏လက္ခဏာနှင့်တူသောကြောင့် လင်ဖြစ်ကောင်းသည်" ဟူ၍ ဆုံးဖြတ်ပေးလိုက်လေ၏။

# အသိမ်မွေ့ဆုံး ပညာ



www.burmeseclassic.com

www.burmeseclassic.com

"အရှင်မင်းကြီး၊ အရှင်မင်းကြီးဟာ
တရားဆုံးဖြတ်ရာမှာ
အလွန်မှန်ကန်ဖြောင့်မတ်တယ်လို့
သတင်းကြီးပါတယ်၊
ဒါ ကြောင့် အရသာ၊
အနံ့နဲ့ မိန်းမလက္ခဏာကျွမ်းကျင်သူ
သုံးယောက်မှာ ဘယ်သူက
သိမ်မွေ့သောပညာ ရှိသလဲဆိုတာ
ဆုံးဖြတ်ပေးတော်မူပါဘုရား"



## အသိမ်မွေ့ဆုံး ပညာ

"အရှင်မင်းကြီးအား ပုံပြင်တစ်ပုဒ် တင်လျှောက်ပါရစေ ဘုရား။ ရွှေနားနှစ်ဆူ ပန်ဆင်တော်မူပါလော့"

ဇော်ဂျီသိတာသည် ကြမ္မာဒိုက်မင်းကြီးအား ဆက်လက်၍ ပုံပြင်တစ်ပုဒ် တင်လျှောက်ပြန်လေသည်။

ရှေးလွန်လေပြီးသောအခါ သုစိတ္တာ အမည်ရှိသည့် တိုင်းပြည်တစ်ပြည် ရှိခဲ့လေသည်။ ထိုမင်း၏ အမည်မှာ မဟောသရဖြစ်ပေ၏။

သုစိတ္တာပြည်မှာ မိုးလေဝသမှန်ကန်သောကြောင့် တိုင်းပြည်သာယာဝပြောသည်။ ထိုအခါ အခြားတိုင်းပြည်မှ သူဌေး၊ သူကြွယ်၊ ကုန်သည်များ ပြောင်းရွှေ့ကြ၍ ပိုမိုစည်ကား တိုးတက်သည်။

မဟောသရမင်းကလည်း တရားနှင့်အညီ မင်းပြုသည်။ မှူးကောင်းမတ်ကောင်းနှင့် ပညာရှိများကို မြှောက်စားသည်။ ထို

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် အတိုင်းတိုင်းအပြည်ပြည်မှ အမှုထမ်းကောင်းများလည်း ဝင်သောအခါ တသဲသဲ ရှိသည်။

တစ်နေ့သောအခါ၌ တိုင်းပြည်သုံးပြည်မှ လုလင်သုံးယောက်သည် ဘုရင့်ရှေ့တော်သို့ တစ်ပြိုင်နက်တည်း ရောက်လာကြ၏။

"အမောင်တို့ မည်သည့်ကိစ္စရှိ၍ ရှေ့တော်သို့ ဝင်လာသနည်း"

"ကျွန်တော်မျိုးတို့ အရှင်မင်းကြီးရဲ့ ခြေတော်ရင်းမှာ အမှုထမ်းချင်လို့ ရောက်လာတာပါ ဘုရား"

လုလင်များက ပြိုင်တူ ဖြေကြသည်။

"အမှုထမ်းသည်ကား ဟုတ်ချေပြီ။ သို့ရာတွင် အမောင်တို့တွင် ထူးခြားသောအတတ်ပညာများ ရှိမှသာ ငါ လက်ခံနိုင်ချိမ့်မည်။ ငါ့ထံတွင် ပညာရှင်ပေါင်းများစွာ ခစားလျက်ရှိပြီ ဖြစ်သည်"

ပထမလုလင်က ပြိုင်တူ ဖြေကြသည်။

"ကျွန်တော်မျိုးဟာ မိန်းမလက္ခဏာကို သူမတူအောင် တတ်ကျွမ်းပါတယ်"

"အနို့ ဟိုလူကကော"

မင်းတရားကြီးက ဒုတိယလုလင်အား မေးငေါ့ပြသည်။

"ကျွန်တော်မျိုးက အစားအစာကို သိရာမှာ တစ်ဖက်ကမ်းခတ်သ ဘုရား"

"ကောင်းပေစွ၊ သို့ဖြစ်လျှင် ဟိုအမောင်ကကော"



"ကျွန်တော်မျိုးဟာ အနံ့ကို သိရာမှာ သူမတူပါဘူးဘုရား"

"ကောင်းပြီ၊ သင်တို့အား စမ်းသပ်စစ်ဆေးမည်။ အမတ်များ ချထားသောနေရာသို့ သွားရောက်စောင့်ဆိုင်းနေကြလော့"

မဟောသရ ဘုရင်မင်းမြတ်သည် လုလင်များအား နှင်လိုက်ပြီးနောက် လှပချောမောသော လက်ပါးစေမိန်းမတစ်ယောက်ကို ရွေးထုတ်သည်။ ကောင်းစွာရေမိုးချိုး၍ နံ့သာလိမ်းကျံနိုင်းသည်။ ဝတ်စားတန်ဆာ ကောင်းစွာ ဆင်ပေးသည်။

ထို့နောက် ဘုရင်မင်းမြတ်သည် သူ စားတော်ခေါ်သော ဆန်နှင့် ကွမ်းကို ထိုမိန်းမသို့ ပေးအပ်သည်။

"စောင့်ဆိုင်းနေသော လုလင်သုံးယောက်အား ပြုစုချေ။ သူတို့ပြောသော စကားများကို ကောင်းစွာမှတ်သားပြီး ပြန်လည်တင်လျှောက်စေ"

လက်ပါးစေလည်း လုလင်များထံ သွားရောက်သည်။ ပထမ ဘုရင်ပေးလိုက်သောကွမ်းဖြင့် ကွမ်းအစ်တည်သည်။ ထို့နောက် မင်းတရားပေးလိုက်သောဆန်ဖြင့် ထမင်းချက်သည်။ ထမင်းချက်နေဆဲ၌ တတိယလုလင်က ကွမ်းတစ်ရွက်ယူပြီး ကွမ်းယာ ယာကာ ပါးစပ်ထဲသို့ ထည့်သည်။ ညက်အောင်ဝါးအပြီးတွင် ထွေးပစ်ရင်း ဤသို့ မေး၏။

"ဟဲ့ မယ်မင်း၊ ဒီကွမ်းရွက်ရဲ့ အပင်နားမှာ အများသုံးတဲ့ ရေအိမ် ရှိတယ်။ ဒါကြောင့် ကွမ်းရွက်ဟာ မစင်နံ့ နံနေတယ်၊ ဒါကို ဘုရင် သုံးဆောင်သလား"

"မှန်ပါတယ် အရှင်၊ ထမင်းသုံးဆောင်ကြဦး"

www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားကြသောအခါ ပထမလုလင်က ဟင်ခနဲ ဆိုပြီး မေး၏။

"ဒီထမင်းချက်တဲ့ဆန်ဟာ စပါးပင်အဖြစ်နဲ့ တုန်းက စပါးပွင့်ကြွေပြီး မာနေတဲ့အချိန်တုန်းက လယ်ကွက်နားမှာ သူ့သေကို မီးသင်္ဂြိုဟ်ခဲ့တယ်၊ ဒါကြောင့် ထမင်းထဲမှာ "သူ့ကောင်ကျက်"အနံ့နံ့နေတယ်၊ ဒီဆန်ကို မင်းတရား စားတော်ခေါ်သလား"

ထိုစဉ်တွင် ဒုတိယလုလင်က လက်ပါးစေအား စေ့စေ့ကြည့်ပြီး မေး၏။

"အမိငယ်၊ ဒီထမင်းကို ချက်တဲ့အမိဟာ ဖွားလျှင် ဖွားချင်း အမေသေတဲ့အတွက် ဆိတ်နို့နဲ့ ကြီးပြင်းလာရသူ ဖြစ်တယ်၊ ဒါ ဟုတ်သလား အမိ"

လက်ပါးစေမိန်းကလေးသည် သူကြားခဲ့ရသမျှကို မင်းကြီးအား ပြန်လည်တင်လျှောက်သည်။ မင်းကြီးလည်း ချက်ချင်းပင် လမိုင်းလယ်တော်သားများအား ခေါ်ယူမေးမြန်း၏။ စပါးပွင့်ကြွေချိန်၌ လယ်နားတွင် သူ့သေကို မီးသင်္ဂြိုဟ်ခဲ့ကြောင်း အစစ်ခံသည်။

ကွမ်းရှက်ဆက်သူ နှင့် လက်ပါးစေ၏ ဖခင်တို့ကလည်း လုလင်နှစ်ယောက်ဆိုခဲ့သော စကားများနှင့် အညီအညွတ် ထွက်ဆိုသည်။ သို့ဖြင့်၍ ဘုရင်မင်းမြတ်သည် ထူးချွန်သောလုလင်သုံးဦးအား ဆုလာဘ်များစွာ ပေးသနားတော်မူ၏။

ပုံပြင်အဆုံးတွင် ဇော်ဂျီသီတာက အစကိုပြန်ကောက်သည်။

"အရှင်မင်းကြီး၊ အရှင်မင်းကြီးဟာ တရားဆုံးဖြတ်ရာမှာ အလွန် မှန်ကန်ဖြောင့်မတ်တယ်လို့ သတင်းကြီးပါတယ်၊ ဒါကြောင့် အရှင်၊ အနံ့နဲ့ မိန်းမလက္ခဏာကျွမ်းကျင်သူ သုံးယောက်မှာ ဘယ်သူက သိမ်မွေ့သောပညာရှိသလဲဆိုတာ ဆုံးဖြတ်ပေးတော်မူပါ ဘုရား"

ကြမ္မာဒိုက်မင်းကြီး မဆိုင်းမတွ ပေးလိုက်သော အဆုံးအဖြတ်မှာ

"ထမင်း၏အရသာကို သိသောသူသာလျှင် သိမ်မွေ့သော ပညာအရှိဆုံးသူ ဖြစ်ပေသည်"

ဟူ၍ ဖြစ်ပေသတည်း။



www.burmeseclassic.com

www.burmeseclassic.com

# ကျေးဇူးအကြီးဆုံးသူမ



www.burmeseclassic.com

www.burmeseclassic.com

"အရှင်မင်းကြီးဟာ ပညာရှိကြောင်း
ကျော်ကြားလှတဲ့အတွက်
မေးလျှောက်ပါရစေဘုရား။
အဲဒီသူငယ် ဘုရင်ဖြစ်လာရာမှာ
သူ့ခိုးကပဲ ကျေးဇူးကြီးသလား။
ဒါမှမဟုတ် ကိုယ်ဝန်ဖွားအောင်
အကြံပေးတဲ့ ပုဏ္ဏားကပဲ
ကျေးဇူးကြီးသလား။
ဘုရင်ဖြစ်အောင် ဆောင်ရွက်ပေးတဲ့
ပြည့်ရှင်မင်းကပဲ ကျေးဇူးကြီးသလား။
ဆုံးဖြတ်ပေးပါဘုရား"



## ကျေးဇူး အကြီးဆုံးသူ

သုစ္စာ၊ ဓမ္မ၊ စာဂ၊ ကတိတို့ဖြင့် ပြည့်စုံတော်မူသော အဝန္တိပြည်ကြီးသခင် ကြမ္မာဒိုက်မင်းကြီးအား ဇော်ဂျီသိတာက တစ်ဖန်ထပ်မံ၍ ပုံပြင်တစ်ပုဒ် တင်လျှောက်ပြန်သည်။

"အရှင်မင်းကြီး၊ ရွှေနားတော်နှစ်ဆူ ဆင်တော်မူပါဘုရား၊ လွန်လေပြီးတဲ့ ရှေးသရောအခါ သူကြွယ်လင်မယားမှာ သမီး တစ်ယောက် ရှိပါသတဲ့။ သူတို့ရဲ့ တစ်ဦးတည်းသောသမီးဟာ လည်း အလွန်တရာမှ အဆင်းရူပကာ လှပပါသတဲ့ ဘုရား"

တစ်ရံရောအခါတွင်၊ သူကြွယ်မင်းကွယ်လွန်ခဲ့လေ၏။ ကျန်ရစ်ခဲ့သောဇနီးနှင့် သမီးတို့မှာ လုပ်တတ်ကိုင်တတ် စီမံ ခန့်ခွဲတတ်သူများ မဟုတ်ကြချေ။ သူကြွယ် ချန်ပစ်ခဲ့သော ပစ္စည်းများကိုသာ ထုခွဲရောင်းချ စားသောက်နေထိုင်ကြရ၏။

မုဆိုးမသူကြွယ်မကြီးနှင့် သမီးတို့သည် မြေ၌ မြှုပ်နှံထား သော အတွင်းပစ္စည်းများကို ထုခွဲစားသောက်ကြ၏။ အတွင်း

www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းများကုန်စင်သောအခါ လယ်ယာ၊ ကျွဲ၊ နွားစသည့် မြေပေါ်ပစ္စည်းများကို ရောင်းချစားသောက်ကြရပြန်၏။

မုဆိုးမသားအမိမှာ စီးပွားဥစ္စာမတိုးတက်သော်လည်း သမီးပျိုမှာ အရွယ်ရောက်လာပြီ။ အရွယ်ရောက်လာသည်နှင့် အမျှ အလှပန်းလည်း တင့်တယ်သည်ထက် တင့်တယ်ဝင့်ထည်လာပြီ။

သို့သော် သမီးအတွက် အားကိုးလောက်သော ကြင်ဖော်ကြင်ဖက်လည်း မပေါ်လာသေး။ ပစ္စည်းဥစ္စာများလည်း အတွင်းအပြင် မြေပေါ်မြေအောက် ကုန်ခန်းခဲ့ပြီ။ အိမ်ကိုရောင်းချလိုက်သောအခါ မုဆိုးမသားအမိမှာ ဆွေရင်းမျိုးရင်းမရှိသဖြင့် သူတစ်ပါးအိမ် တဲစက်မြိတ်တွင် နိုကပ်နေကြရသည်။ ဤသို့ဖြင့် ထိုသားအမိမှာ ခွက်လက်စွဲကာ ရှာဖွေစားသောက်ရသော ဖုန်းတောင်းယာစကာအဖြစ်သို့ ကျရောက်သွားတော့သည်။

သားအမိသည် တစ်နေရာမှ တစ်နေရာသို့ တစ်ရွာမှ တစ်ရွာသို့ လှည့်လည်သွားလာနေကြစဉ် တစ်နေ့တွင် သူသတ်ကုန်းသို့ရောက်သွားကြသည်။ သူသတ်ကုန်းရှိ တဲကျင်တစ်ချောင်း၏ ထိပ်ဖျားတွင် သူခိုးတစ်ယောက် ရှိနေသည်။

"ယာစကာမကြီးသမီးက တော်တော်လှတာပဲ"

အသံကြားသောကြောင့် မုဆိုးမသားအမိ မော့ကြည့်ကြသည်။ ထိုအခါတွင်မှ မိန်းကလေး၏အလှမှာ ပိုမိုထင်ရှားလာသည်။

"ယာစကာမကြီး၊ ကျုပ်က အသပြာငါးရာ ကန်တော့ရင် ခင်ဗျားသမီးကို ကျုပ်နဲ့ ပေးစားမလား"



မုဆိုးမ မဲ့ရွဲ့လိုက်၏။

"တဲကျင်ဖျားမှာ ဘယ်အချိန်သေမယ် မသိတဲ့သူကများ ရာရာစစ"

သူခိုး ရယ်မောသည်။

"ခပ်လှမ်းလှမ်းမှာ သွားစောင့်နေပါဗျာ၊ ကျုပ်အဖွဲ့မ်းကို ခင်ဗျားမြင်ရမှာပေါ့ဗျာ ဟုတ်လား"

သူခိုးမှာ တိုင်ထိပ်တွင် ချည်နှောင်ထားခံရသူ ဖြစ်၏။ တဲကျင်လျှို မခံရသေးပေ။ ထို့ကြောင့် ပါးကွက်သားများအား အသပြာဖြင့်ဖြားယောင်းကာ တဲကျင်ဖျားမှ လွတ်မြောက်လာ၏။

သို့ဖြင့် သူသည် မုဆိုးမကြီးအား အသပြာငါးရာ ရှာဖွေပေးလိုက်ရာ မုဆိုးမသမီးနှင့် ပေါင်းသင်းနေထိုင်ခွင့် ရရှိသွားတော့သည်။ သို့သော် မုဆိုးမသမီးမှာ သူခိုးနှင့် ကြာရှည်မပေါင်းလိုက်ရရှာချေ။ သားသန္ဓေကို ဝမ်းတွင် လွယ်ရချိန်တွင် သူခိုး ကွယ်လွန်ချေသည်။

မုဆိုးမသမီးမှာ ကိုယ်ဝန်ကို ဆင်းရဲပင်ပန်းစွာ စောင့်ရှောက်ရသဖြင့် နေ့စေ့၍ မီးဖွားမည်ရှိသောအခါ အခက်အခဲတွေ့တော့သည်။ လက်သည်လည်း မတတ်နိုင်သောအခါ ကိုယ်ဝန်ဆောင်သည့် မင်းရင်ပြင်သို့ ပြေးသည်။ ကယ်တော်မူပါ ဘုရားဟု လူးလှိမ့်အော်ဟစ်တော့သည်။

သို့စဉ်တွင် ပုဏ္ဏားတစ်ယောက်ရောက်လာ၏။ အကြောင်းရင်းကို စုံစမ်းပြီးနောက် ကိုယ်ဝန်ဆောင်အား အလှူတို့ကို

www.burmeseclassic.com

www.burmeseclassic.com



အလှူပေးရန် အကြံပေး၏။ ကိုယ်ဝန်ဆောင်နှင့် ပြုစုသူများသည် ရတတ်သမျှဖြင့် ချက်ချင်းအလှူပေးသည်။ ထိုခဏတွင်ပင် သားသူငယ်ကို ချောမောစွာ မွေးဖွားလေ၏။

ပြည့်ရှင်မင်းသည် နန်းမလေသာတွင် ရှိနေသည်။ သို့ကြောင့် အဖြစ်အပျက်ကို အစအဆုံးမြင်သောကြောင့် ထိုကလေးအား ကောက်ယူ မွေးစားသည်။ ထိုကလေးကား ကံကောင်းလွန်းသည်။ အရွယ်ရောက်ချိန်၌ ပြည့်ရှင်မင်း နတ်ရွာစံသည်။ နန်းမွေဆက်ခံမည့် အခြားသူ မရှိသောကြောင့် သူသည် ပြည့်ရှင်မင်းဖြစ်လာတော့သည်။

"အရှင်မင်းကြီးဟာ ပညာရှိကြောင်း ကျော်ကြားလို့တဲ့အတွက် မေးလျှောက်ပါရစေဘုရား၊ အဲဒီသူငယ် ဘုရင်ဖြစ်လာရာမှာ သူခိုးကပဲ ကျေးဇူးကြီးသလား။ ဒါမှမဟုတ် ကိုယ်ဝန်ဖွားအောင် အကြံပေးတဲ့ ပုဏ္ဏားကပဲ ကျေးဇူးကြီးသလား။ ဘုရင်ဖြစ်အောင်ဆောင်ရွက်ပေးတဲ့ ပြည့်ရှင်မင်းကပဲ ကျေးဇူးကြီးသလား။ ဆုံးဖြတ်ပေးပါ ဘုရား"

ပုံပြင်အဆုံးတွင် ထွက်ပေါ်လာသော ဇော်ဂျီသီတာ၏ ပြဿနာကို ကြမ္မာဒိုက်မင်းကြီး ဆုံးဖြတ်ဖိုက်ပုံမှာ ဤသို့ဖြစ်၏။

"ပုဏ္ဏားကား ကိုယ်ဝန်ကို ချောမောမွေးဖွားအောင် ဆောင်ရွက်ပေးသူ ဖြစ်သောကြောင့် ဆေးသမားနှင့် တူ၏။ ပြည့်ရှင်မင်းကား မင်းအဖြစ်ကို ပေးသောကြောင့် စည်းစိမ်ချမ်းသာကို ပေးသည့် ကျေးဇူးရှင် ဖြစ်ပေသည်"

"သူခိုးကား ထိုသူငယ်၏ အမိအတွက် လွန်စွာခက်ခဲသော



အသပြာငါးရာကို ခက်ခဲစွာ ရှာဖွေပေးပြီး ချစ်မြတ်နိုးစွာပေါင်းသင်းနေထိုင်စဉ် ကွယ်လွန်သွားရသောကြောင့် သုံးယောက်သော ကျေးဇူးရှင်တို့အနက် အဖြစ်သောသူခိုးသည် ကျေးဇူးအကြီးဆုံး ပေတည်း"

www.burmeseclassic.com

www.burmeseclassic.com

## သေသူကို ရှင်စေသတည်း



www.burmeseclassic.com

www.burmeseclassic.com

"အရှင်မင်းကြီး၊
ပုဏ္ဏားလုလင် ဒီမန္တရားကို
စုတ်ရင် သေပြီးတဲ့လူတိုင်း
ရှင်နေကျပါ။
အခုကျမှ ဘာကြောင့်
မရှင်ပါသလဲဘုရား"



## သေသူကို ရှင်စေသတည်း

"အရှင်မင်းကြီး ရွှေနားဆင်တော်မူပါလော့။ ကျွန်တော်မျိုး ပုံပြင်တစ်ပုဒ် ထပ်မံတင်လျှောက်ပါဦးအံ့။"

ဇော်ဂျီသီတာက ကြမ္မာဒိုက်မင်းကြီးအား လျှောက်ထားခြင်းဖြစ်သည်။ မင်းကြီးကား စကားမဆို၊ သူ့အလုပ်ကိုသာ ဆက်လုပ်နေသည်။

"ဟိုးရှေးရှေးတုန်းက ဥဇ္ဇေနီအမည်ရှိတဲ့ တိုင်းပြည်ကြီးမှာ သူကြွယ်ပုဏ္ဏားလင်မယားတို့ ရှိကြသတဲ့ဘုရား။ သူတို့မှာ ရှားရှားပါးပါး သားတစ်ယောက်ပဲ ထွန်းကားပါတယ်ဘုရား"

သားဖြစ်သူ ပုဏ္ဏားငယ်သည် မိဘတို့၏ ပြုစုစောင့်ရှောက်မှုဖြင့် စာရွေ့ရွေ့ကြီးပြင်းလာခဲ့၏။ ထိုသား အရွယ်ရောက်လာသောအခါ မိဘနှစ်ပါးသည် သားအတွက် ကြင်ဖော်ကြင်ဖက်ရှာဖွေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် စိတ်ကြိုက်ချေးမကို ရွေးချယ်၍ မရမီပင် သူကြွယ်လင်မယားတို့ ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်ကုန်တော့သည်။

မိဘနှစ်ပါးတို့သည် သားအတွက် ရွှေ၊ ငွေ၊ ရတနာမျိုးများစွာ ထားရစ်ခဲ့၏။ ပုဏ္ဏားလုလင်သည် မိဘများ ထားရစ်ခဲ့သော ထိုအမွေများကို မည်သို့ဆောင်ရွက်ရမည် မသိချေ။ ထိုအခါတွင် မိဘများလက်ထက်က အစေအပါးပြုသောလူတစ်ယောက်သည် လုလင်ယုံကြည်စေရန် အယုံသွင်းသည်။ အကျိုးလိုဟန်ဖြင့် အကြံအစည်များစွာကို ပေးသည်။

လုလင်လည်း ထိုသူအား ယုံကြည်ကာ အစစအရာရာ တိုင်ပင်သည်။ ထိုသို့ရှိရာမှ လုလင် အမေ့အမွေရှိသောတစ်နေ့တွင် ထိုသူသည် ရှိရှိသမျှ အတွင်းပစ္စည်းများကို ခိုးယူထွက်ပြေးလေ၏။

အတွင်းပစ္စည်းများ အခိုးခံရသော်လည်း လုလင်၌ လယ်ယာ၊ ကျွဲ၊ နွားများစွာ ကျန်ခဲ့သေး၏။ သို့သော် အတွေ့အကြုံနည်းပါးသော ငယ်ရွယ်သူဖြစ်သည်။ ဤမျှဆုံးရှုံးခြင်းကို ၁၁၀ မျက်အောင် ဆုံးရှုံးခြင်းဟု ထင်ကာ ချုံးမွဲချ၍ ငိုကြွေးတော့သည်။

ငိုကြွေးရင်းက သောကဖိစီးမှု လွန်ကဲလာသောအခါ မေ့မြောသွားလေ၏။ သစ္စာရှိသော အစေအပါးများလည်း တတ်စွမ်းသမျှ ပြုစုကြ၏။ သတိကား လည်မလာချေ။ ထို့ကြောင့် အိမ်နီးချင်းများက ဆေးဆရာတစ်ယောက်ကို ပင့်ဆောင်လာကြသည်။



ဆေးသမားလည်း တတ်စွမ်းသမျှ ဆေးဝါးများဖြင့် ကုသ၏။ မရချေ။ သို့အတွက် လုလင်ကို မြစ်ဆိပ်သို့ပို့ကာ ရေစိမ်ထားသည်။ ရေစိမ်သဖြင့် လုလင်မှာ သက်သာလာသော်လည်း ရေထဲမှ မတက်ရသေး။

လုလင်အား စောင့်ရှောက်နေသူများ ငိုက်မျဉ်းနေချိန်တွင် ဖော်ဂျီတစ်ယောက် ရောက်လာ၏။

"လုလင် မင်းအဖေ အမေရဲ့ ကျေးဇူး ငါ့မှာ ရှိတယ်။ ဒါကြောင့် မင်းကို ပညာသင်ပေးပြီး သူတို့ရဲ့ ကျေးဇူးကို ဆပ်ပါရစေ"

ဖော်ဂျီ၏ ကျေးဇူးဆပ်ပုံမှာ လုလင်အား ပညာသင်ပေးခြင်းဖြစ်သည်။ သူသင်ပေးသော ပညာများထဲတွင် ရေထဲတွင် ရှိသော သက်ရှိသက်မဲ့များကို မြင်နိုင်သောအတတ်နှင့် အသက်ရှည်စေသော အတတ်ပညာတို့ ဖြစ်၏။ ထို့ပြင် သေသူကို ရှင်ပြန်ထမြောက်စေသောအတတ်လည်း ပါဝင်ပေးသေးသည်။

ဖော်ဂျီထွက်ခွာသွားလျှင် လုလင်လည်း မြစ်ထဲသို့ လှမ်းကြည့်လိုက်လေ၏။ လုလင်သည် သူ့မျက်စိကို မယုံနိုင်အောင် ဖြစ်သွားရ၏။ မြစ်ပြင်၏အနက်ဆုံး ရေအောက်တွင် အုလွန်လှပသော ကညာတစ်ယောက်ကို မြင်ရ၍ ဖြစ်ပါသည်။

စင်စစ်အားဖြင့် ထိုကညာသည် နတ်သမီးကဲ့သို့ လှပ၏။ သို့သော် နတ်သမီး မဟုတ်။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဟူ၍ရှိသော အပါယ်လေးပါးထဲ၌ ပါဝင်သော 'အသူရကာယ်မ' ဖြစ်သည်။

www.burmeseclassic.com



လုလင်ကား အသူရကာယ်မ ဟူ၍ မသိပါ။ မသိသောကြောင့်လည်း ရေနက်ထဲသို့ ဆင်းခဲ့သည်။ ထိုအသူရကာယ်မနှင့် လပေါင်းများစွာ အတူတကွ နေထိုင်ခဲ့သည်။

လူသားနှင့် အသူရကာယ်မတို့ ပျော်ရွှင်စွာ နေထိုင်ကြစဉ် တစ်နေ့တွင် နဂါးတစ်ကောင် ရောက်လာ၏။ နဂါးရန်ကို လုလင်က တားဆီးသော်လည်း နဂါးသည် အသူရကာယ်မကို တစ်ချက်ပေါက်မိသွား၏။ နဂါးဆုတ်ခွာ ထွက်ပြေးသွားချိန်၌ အသူရကာယ်မမှာ အသက်ပျောက်နေပြီ။

လုလင်သည် အသက်ပျောက်သွားသော အသူရကာယ်မအား ဇော်ဂျီပေးသောပညာဖြင့် အသက်ရှင်အောင် လုပ်ပေးသည်။ အသူရကာယ်မ ပြန်လည်ရှင်လာသောအခါ ရှေးကထက်ပင် ပျော်ရွှင်နေမိကြပြန်သည်။

သို့တစေ အသူရကာယ်မမှာ နဂါးကြီး ပြန်လည်ရောက်လာမည်ကို စိုးရိမ်ကြောက်ရွံ့နေသည်။ လုလင်က မစိုးရိမ်ရန် အားပေးသော်လည်း အချည်းသာ။ ထိုကဲ့သို့ ကြောက်ရွံ့နေရဖန်များသောအခါ နဂါးနှင့် လွတ်ရာ ကုန်းမြေပြင်သို့ သွားရောက်နေထိုင်ရန် စိတ်ကူးရသည်။

သို့ဖြင့် လုလင်သည် အသူရကာယ်မကို ခေါ်ပြီး ရေပြင်ပေါ်သို့ တက်လေ၏။ ထိုမှတစ်ဆင့် အိမ်သို့ သွားရန် မြစ်ကမ်းပေါ်သို့ တက်လာကြ၏။ ဤကဲ့သို့ မြေပေါ်သို့ တက်လျှင် တက်ချင်း အသူရကာယ်မ ပျောက်ကွယ်သွားလေ၏။ သူ၏ အရပ်ဒေသမဟုတ်သောကြောင့် မနေနိုင်သည့်အတွက် ပျောက်



ကွယ်သွားခြင်း ဖြစ်သည်။

လုလင်သည် ပျောက်ကွယ်သွားသောချစ်သူကို တမ်းတလျက် အိမ်သို့ ပြန်လာစဉ် သုသာန်တစ်ခုကို ဖြတ်သန်းရသည်။ မကြာမီကမှ စွန့်ပစ်သွားသော မိန်းမပျိုတစ်ယောက်၏ အလောင်းကို မြင်ရသည်။ လုလင်သည် အလောင်းဘေးသို့ ကပ်သွားကာ မန္တန်ရွတ်၏။ သူသေကို တစ်ဖန်ပြန်ရှင်စေသော မန္တန် ဖြစ်၏။ သို့သော် အသုဘကညာကား လှုပ်ရှားမလာပါ။

ဇော်ဂျီသီတာသည် ထိုအခန်းသို့ အရောက်တွင် ပုံပြင်ကို မဆက်ဘဲ ကြမ္မာဒိုက်မင်းကြီးအား မေးလျှောက်၏။

“အရှင်မင်းကြီး၊ ပုဏ္ဏားလုလင် ဒီမန္တရားကို စုတ်ရင်သေပြီးတဲ့လူတိုင်း ရှင်နေကျပါ။ အခုကျမှ ဘာကြောင့် မရှင်ပါသလဲ ဘုရား”

ကြမ္မာဒိုက်မင်းကြီးမှာ ပညာလည်း ရှိသည်။ တရားအဆုံးအဖြတ်လည်း ကျွမ်းကျင်သည်။ ထို့ကြောင့် ချက်ချင်းတုံ့ပြန်တော်မူ၏။

“ဟဲ့ ဇော်ဂျီ၊ မန္တရားမန်းကာမျှဖြင့် သေသောသူဟူသမျှကို ရှင်စေသည်မဟုတ်။ ရှင်ထိုက်သော ကံရှိသူသာလျှင် အသက်ပြန်ရှင်သည်။”

www.burmeseclassic.com

www.burmeseclassic.com

# ကျိုးလော မြွေလော ပုဏ္ဏားလော



www.burmeseclassic.com

www.burmeseclassic.com

"ပဒုမ္မဒေဝီကို သည့်လက်ဆောင်တွေ
ဆက်သပေးပါ။ တစ်ခါတုန်းက
တောထဲက ရေကန်ကြီးထဲမှာ
ရေချိုးတုန်းက တစ်ဖက်ကမ်းက
လှမ်းကြည့်နေတဲ့လုလင်က
ဆက်သလိုက်တယ်လို့ပြောပါ အမယ်"



## ကျိုးလော မြွေလော ပုဏ္ဏားလော

ဇော်ဂျီသီတာသည် ကြမ္မာဒိုက်မင်းကြီးအား ထပ်မံတင်လျှောက်ပြန်သည်။

"အရှင်မင်းကြီး ရွှေနားဆင်တော်မူပါ။ ကျွန်တော်မျိုး ပုံပြင်တစ်ပုဒ် တင်လျှောက်ပါရစေဘုရား။ ဟိုးရှေးရှေးတုန်းက ကုသုမာအမည်ရှိတဲ့တိုင်းပြည်မှာ ငယ်ရွယ်တဲ့ပုဏ္ဏား လင်မယားရှိပါသတဲ့ ဘုရား"

ငယ်ရွယ်သောထိုပုဏ္ဏားလင်မယားသည် အလွန်လှပ ချောမောကြသည်။ ထိုအခါ လျှပ်ပေါ်သောမိန်းမများသည် ပုဏ္ဏားလုလင်အား တပ်မက်စိတ်ဖြင့် နှောင့်ယှက်ကြသည်။ ထိုနည်းတူပင် တရားမရှိသောယောကျ်ားများကလည်း ပုဏ္ဏားမကို အနှောင့်အယှက်ပြုကြသည်။

သို့ဖြစ်သောကြောင့် နှစ်ဖက်မိဘများလည်း ငယ်ရွယ်၍ လှပသောထိုပုဏ္ဏားလင်မယားအတွက် လုံခြုံအောင် စီစဉ်ပေးကြ၏။ စီစဉ်ပုံမှာ ရပ်ရွာနှင့် ဝေးသော ရေကန်တစ်ခုအနီးတွင် ပြာသာဒ်တစ်ဆောင် ဆောက်လုပ်ပေးကာ ငယ်ရွယ်လှပသော

www.burmeseclassic.com

www.burmeseclassic.com



ပုဏ္ဏားလင်မယားအား ထားပေးခြင်းပေတည်း။

ငယ်ရွယ်လှပသော ပုဏ္ဏားမောင်နှံသည် ထိုပြာသာဒ်၌ ပျော်ရွှင်စွာနေကြလေ၏။ တစ်နေ့တွင် ပုဏ္ဏားလုလင်သည် မယားအား ပြာသာဒ်ထက်၌ထားခဲ့ကာ ရေကန်သို့ဆင်းပြီး ရေချိုး၏။ ရေချိုးပြီး၍ ပြန်လာသောအခါ ပြာသာဒ်ထက်၌ သူ့မယား မရှိတော့ချေ။ လုလင်၏မယား ပုဏ္ဏေးမ ပန်းရထား ဖြင့်တိမ်ယာဉ်စီးလာသော နတ်ဘီလူးက အတင်းအဓမ္မ ဆွဲခေါ်သွားသောကြောင့် ဖြစ်သည်။

ပုဏ္ဏားလုလင်သည် အခြေအရံများထံတွင် စုံစမ်း၏။ ဖြေကြားနိုင်သူ မရှိချေ။ လုလင်သည် လူးလဲငိုကြွေး၏။ မိဘဆွေမျိုးများ ဝိုင်းအုံလာကာ အဖြစ်သနစ်ကို မေးမြန်းကြ၏။ ဖျောင်းဖျကြ၏။ လုလင်သည် အားရအောင် ငိုကြွေးပြီးသည့်နောက် "ကျုပ်မယားကို မတွေ့ရင် မနေဘူး" ဆိုကာ အိမ်မှထွက်လာလေ၏။ လုလင်သည် သွားရေးလာရေး လွယ်ကူစေရန် ဇော်ဂျီယောင်ဆောင်လာ၏။ ရောက်ရာအရပ်၌ တောင်းရမ်းစားသောက်ရင်း မယားကို ရှာဖွေသည်။

သူတစ်ပါးပေးမှ စားရသောအဖြစ်တွင် ဇော်ဂျီယောင်လုလင်မှာ ဝလင်အောင် မစားရချေ။ အိပ်ကောင်းခြင်း မအိပ်ရချေ။ သို့ဖြစ်၍ ပိန်ခြောက်ညှိုးနွမ်းနေလေတော့သည်။

ပုဏ္ဏားတစ်ယောက်သည် ညှိုးပါးနွမ်းနယ်လှသော ထိုဇော်ဂျီကိုမြင်သောအခါ များစွာသနားမိသည်။ "သင့်အား ငါသနားသည်။ ငါ့ထံမှ စားသောက်ဖွယ်များ ယူသွားလော့" ဆိုကာ အိမ်သို့ ခေါ်သွားပြီး စားကောင်းသောက်ဖွယ်များကို ခွက်ထဲသို့ ထည့်ပေးလိုက်သည်။

လပေါင်းများစွာ စားရမဲ့မဲ့ သောက်ရမဲ့မဲ့ဖြစ်နေသော ဇော်ဂျီမှာ စားကောင်းသောက်ဖွယ်များကို သည့်အတိုင်း မစားရက်။ သူ့လက်တွေက ပေကျံနေသည်။ သူ့ကစ်ကိုယ်လုံး ချေးညှော်အထပ်ထပ်။ သို့ကြောင့် ထမင်းခွက်ကို တယုတယယူပြီး ရွာပြင်သို့ ထွက်လာသည်။ ရေအိုင်၏ဘေးရှိ အရိပ်ကောင်းတွင် အစာခွက်ကို ချ၍ အဝတ်တွေချွတ်ပြီး ရေဆင်းချိုးသည်။

ကျီးတစ်ကောင်သည် အစာခွက်ကို ဇော်ဂျီယူလာကတည်းက ဝဲပျံလျက် ချောင်းမြောင်းနေခဲ့သည်။ ဇော်ဂျီ ရေအိုင်ထဲသို့ ဆင်းသွားလျှင်သွားချင်း ကျီးကန်းရောက်လာသည်။ အစာခွက်ပေါ်တွင် နားသည်။

ကျီးကန်းသည် အစာကိုသာမြင်သည်။ အန္တရာယ်ကို မမြင်။ အန္တရာယ်မှာ အစာခွက်အနီးရှိ သစ်ပင်၏အခေါင်းထဲရှိ မြွေဟောက်ဖြစ်သည်။ မြွေဟောက်သည် တရွေ့ရွေ့ ချဉ်းကပ်လာသည်။ အစာခွက်ထဲသို့ ကျီးကန်း၏ခေါင်းငုံ့ပြီး နှိုက်လိုက်စဉ် ကျီးကန်းကို ပေါက်သည်။ ကျီးကန်းသည် ထမပျံနိုင်။ နှိုက်စားမိသော အစာတွေ ပြန်ပြီး အန်ထွက်သည်။ တစ်ချက်နှစ်ချက် လူးလွန့်ပြီးလျှင် ငြိမ်သက်သွား၏။

ဇော်ဂျီသည် ရေအိုင်ထဲမှ ရွှင်လန်းစွာ တက်လာသည်။ ချွတ်ထားသော အဝတ်အစားများကို ဝတ်ပြီးလျှင် ပြီးချင်းကျကျနန ထိုင်ပျဉ်ခွေထိုင်သည်။ အစာခွက်ကို ရင်ခွင်ထဲ၌



www.burmeseclassic.com

www.burmeseclassic.com



ထားကာ အားရပါးရ လွေးသည်။ သို့သော် နှစ်လုတ်သာ ခွံ့ရ သေးသည်။ လဲကျပြီး အသက်ပျောက်သွားလေ၏။

ပုံပြင်ပြောအပြီးတွင် ဇော်ဂျီသီတာ၏ အမေးစကားက တစ်ဆက်တည်း ပါလာ၏။

“အရှင်မင်းကြီး၊ အဲဒီ ဇော်ဂျီယောင်ဆောင်တဲ့ ပုဏ္ဏား လုလင် သေရတဲ့ကိစ္စဟာ သူ့မယားမှာ အပြစ်ရှိသလား။ သို့မဟုတ် ထမင်းပေးလိုက်တဲ့ ပုဏ္ဏားမှာ အပြစ်ရှိသလား။ ဒါမှမဟုတ် မြွေဟောက်မှာပဲ အပြစ်ရှိသလား ဘုရား။ ဖြေကြားပေးပါ ဘုရား”

“နတ်ဘီလူးဟာ မယားခိုးတဲ့ အပြစ်ပဲ ရှိတယ်၊ လုလင်ကို သေစေလိုတဲ့စေတနာ မရှိဘူး။ ထမင်းပေးတဲ့ ပုဏ္ဏားကလည်း သနားလို့ ပေးလိုက်တာ။ အဆိပ်ထည့်ပေးလိုက်တာ မဟုတ်ဘူး။ မြွေဟောက်ကလည်း ကျီးကိုသာပေါက်တာ ထမင်းခွက်ထဲကို အဆိပ်မှုတ်ထုတ်တာ မဟုတ်ဘူး။ အဆိပ်ဟာ ကျီးပါးစပ်ကမှ တစ်ဆင့် ထမင်းခွက်ထဲကို ကျတာ”

“ဒါဖြင့် ကျီးကန်းမှာ အပြစ်ရှိတာပေါ့ ဘုရား”

“မဟုတ်ဘူး ထမင်းခွက်ဆားမှာ ကျီးကန်းသေနေတာ မြင်ပါရက်နဲ့ မစူးစမ်း မဆင်ခြင်ဘဲ ထမင်းကို အလောတကြီး စားတဲ့ ဇော်ဂျီယောင် လုလင်မှာသာ အပြစ်ရှိတယ်”

ကြမ္မာဒိုက်မင်းကြီး၏ အဆုံးအဖြတ်၌ ဇော်ဂျီသီတာသည် မည်သို့မျှ စောဒက မတက်နိုင်ပါလေ။

# အချစ်တည်းနှင့်ဆုံးလှ မည်သူနည်း



www.burmeseclassic.com

www.burmeseclassic.com

“အရှင်မင်းကြီး မင်္ဂလာဦးညမှာ
စိတ်ကို ချုပ်တည်းသည်းခံပြီး
လွှတ်လိုက်တဲ့ သတို့သား၊
မိမိမြတ်နိုးတဲ့မိန်းမ
မိမိထံ ရောက်လာပါလျက်
ပြန်လွှတ်လိုက်တဲ့လုလင်။ အစာကို
လက်လွှတ်ခံတဲ့ဘီလူး၊ ကြံ့တောင့်ကြံ့ခံ
အဖိုးတန်အဝတ်တွေ ရပါလျက်နဲ့
မယူတဲ့ဓားပြ။ သည်လေးဦးမှာ
ဘယ်သူဟာ သည်းအခံနိုင်ဆုံး
အချုပ်တည်းနိုင်ဆုံးပါလဲဘုရား”



အချုပ်တည်းနိုင်ဆုံးလူ မည်သူနည်း

အဝန္တီပြည့်ရှင် ကြမ္မာဒိုက်မင်းကြီးအား ဇော်ဂျီသီတာက ဤသို့ လျှောက်ထား၏။

“အရှင်မင်းကြီး ရွှေနားနှစ်ဆူ ပန်ဆင်တော်မူပါ ဘုရား။ ကျွန်တော်မျိုး ပုံပြင်တစ်ပုဒ် လျှောက်တင်ပါရစေ ဘုရား။ ရှေးသရောအခါက သူကြွယ်တစ်ယောက်မှာ သားတစ်ယောက်နဲ့ သမီးတစ်ယောက် ရှိပါသတဲ့”

သူကြွယ်၏သားသည် ပညာရှိ၏။ ရဲရင့်စွမ်းသန်၏။ သမီးသည်ကား အဆင်းလှပ၍ လိမ္မာရေးခြားနှင့် ပြည့်စုံ၏။

သားနှင့်သမီးတို့သည် အစဉ်အတိုင်း ချမ်းသာစွာကြီးပွားကြသည်။ ဤသို့ဖြင့် သူကြွယ်၏သမီးသည် ၁၆–နှစ်အရွယ်သို့ ရောက်ရှိလာခဲ့သည်။ သူကြွယ်လည်း သမီးကညာ အခါမလင့်စေရန် သားအား နှမအတွက် ကြင်ဖက်သက်လျှာ ရှာဖွေပေးရန် စေခိုင်းလိုက်သည်။

သူကြွယ်၏သားလည်း ဖခင်၏ဆန္ဒနှင့် ကိုက်ညီမည့်

www.burmeseclassic.com

www.burmeseclassic.com



သတို့သားလောင်းကို အမြို့မြို့အရွာရွာသို့ လိုက်လံရှာဖွေသည်။ လအနည်းငယ်အကြာတွင် သင့်လျော်မည့် သတို့သားလောင်းကို တွေ့ရှိ၏။ ထိုခေတ် ထိုကာလ၏ ဓလေ့ထုံးစံနှင့်အညီ စေ့စပ် ညှိနှိုင်းပြီး ပြန်လာခဲ့လေ၏။

ထိုသို့ သမက်လောင်းရရှိသည့်အချိန်အတွင်းမှ လုလင်တစ်ယောက်သည် သူကြွယ်မင်းထံသို့ ရောက်ရှိလာ၏။

"ကျွန်တော်ဟာ သူကြွယ်မင်းရဲ့ သမီးကို စုံမက်မြတ်နိုးလို့ ရောက်လာတာပါ ခင်ဗျား"

"မင်းနာမည်နာမ ပြောစမ်းကွယ်"

လုလင်၏အမည်မှာ သူကြွယ်၏သားနှင့် တူနေ၏။ ထို့ကြောင့် ဝမ်းနည်းစွာ တုံ့ပြန်မိသည်။

"မောင်ရေ အလာကောင်းပေမယ့် အခါနှောင်းပြီကွယ်။ ငါ့သမီးမှာ မကြာခင်ကမှ စေ့စပ်ပြီးသွားသကွယ်။ သို့သော်လည်း အမောင်စိတ်မလျှော့သေးရင် ငါ့သမီးသဘောကလည်း ရှိသေးတော့ ချဉ်းကပ်လိုသပါ့ဆိုက ချဉ်းကပ်လှည့်လည်ချေပေတော့"

လုလင်သည် သူကြွယ့်သမီးထံသို့ လက်ဆောင်ပဏ္ဏာကောင်းများနှင့် ရောက်ရှိသွားသည်။ သူ၏မောင်နှင့် အမည်ချင်းတူသောကြောင့် ခင်မင်စိတ်ဖြစ်ပေါ်ကာ လက်ဆောင်များကို လက်ခံသိမ်းယူပြီး ဤသို့ဆို၏။

"ကျွန်တော်မမှာ မိဘစေ့စပ်ပြီးသူ ရှိတဲ့အတွက် အဲဒီလူကို မလွှဲမသွေ ယူရပါတော့မယ်။ ဒါပေမဲ့ အမောင့်ကို မမုန်းကြောင်း သက်သေပြတဲ့အနေနဲ့ မင်္ဂလာဦးညမှာ ဆက်ဆက်လာခဲ့ပါ့မယ်"



"နှမ ကတိတည်ပါစေ"

"သစ္စာကတိပါ အမောင်"

မုသားစကားကို အသက်နှင့်လဲစွာ ရှောင်ကြဉ်သောကာလဖြစ်ရကား ထိုစကားတစ်ခွန်းဖြင့် လုလင်သည် ဝမ်းသာစွာ ပြန်သွားလေ၏။

သူကြွယ်၏သား သတ်မှတ်ချိန်းဆိုခဲ့သော ရက်တွင် ယောက်ဖလောင်းသတို့သားသည် သူကြွယ်ထံသို့ ခမ်းနားစွာ ရောက်ရှိလာသည်။ မူလစီစဉ်ရင်းအတိုင်း ထိမ်းမြားမင်္ဂလာဆောင်နှင်းကြသည်။

မင်္ဂလာဦးညတွင် သတို့သမီးသည် လင်လျာ သတို့သားအား ရိုသေစွာ စကားပြောသည်။

"အရှင် ကျွန်တော်မှာ အရှင်နဲ့ စေ့စပ်ပြီး မကြာခင်မှာပဲ ကျွန်တော်မရဲ့ မောင်နဲ့ နာမည်တူတဲ့လူတစ်ယောက်ကို ကတိပေးခဲ့မိပါတယ်။ ကတိကတော့ မင်္ဂလာဦးညမှာ သူ့ထံကို အရောက်လာခဲ့မယ်ဆိုတဲ့ ကတိပါပဲ။ အဲဒါကြောင့် ခွင့်ပြုပါ အရှင်"

သတို့သားသည် မယားအား မလွှတ်လို။ သို့တစေ ကတိမတည်သူအဖြစ် သူ့မယားအား အများတကာ မေးငေါ့မခံရစေရန် ခွင့်ပြုလိုက်သည်။ သူကြွယ်သမီးလည်း ဝတ်ကောင်းစားလှဖြင့်ပင် မောင်နှင့်အမည်တူသော လုလင်ထံသို့ ညလွှင်းချင်းလာခဲ့သည်။

ခရီးတစ်ဝက်အကျိုးတွင် ဓားပြတစ်ယောက် ရုတ်ချည်း

www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာသည်။

"ချွတ်စမ်း အသက်မသေချင်ရင် အဝတ်တွေ ချက်ချင်း ချွတ်ပေး"

သူကြွယ်သမီးသည် ဓားပြရှေ့တွင် ဒူးထောက်သည်။

"အသင်ဓားပြကြီး ကျွန်မမှာ ကတိတစ်ခုရှိတဲ့အတွက် သွားပါရစေ။ ပြန်လာမှ အဝတ်တွေယူပါ။ အဝတ်မရှိရင် မသွားနိုင်ဘဲ ကတိပျက်ရပါလိမ့်မယ်"

"နင့်ကတိက ဘာကတိတုန်း"

"မင်္ဂလာဦးညမှာ လင်ယောကျ်ားရဲ့ ခွင့်ပြုချက်ယူပြီး အရောက်လာခဲ့ပါမယ်ဆိုတဲ့ ကတိပါရှင်"

"ကတိတည်ပါစေ"

"တည်ပါတယ်ရှင်၊ စိတ်ချပါ"

"ငါ သည်နေရာက စောင့်နေမယ်၊ သွားတော့"

သတို့သမီးသည် ဓားပြထံမှ လျှင်မြန်စွာ ထွက်ခွာလာပြီး အတားအဆီးတစ်ခုနှင့် ထပ်မံကြုံရပြန်လေ၏။ ဒုတိယအနှောင့် အယှက်ကား ဘီလူးပေတည်း။

ဘီလူးသည် သူ အပိုင်စားရာ ကြို့ပင်အောက်သို့ သတို့ သမီးအရောက်တွင် ခုန်ဆင်းလာ၏။

"ငါ့ပိုင်နက်ထဲ ကျူးကျော်ဝင်ရောက်လာတဲ့အတွက် ငါ့ အစာ ဖြစ်ပြီ"

"အသင်ဘီလူး၊ အသင့်ပိုင်နက်ထဲဝင်မိလို့ စားခွင့်ရှိရင် စားပါလေ။ ဒါပေမဲ့ ကျွန်တော်မမှာ ကတိတစ်ခု ရှိထားတဲ့



အတွက် သွားပါရစေဦး။ အဲသည်က ပြန်လာမှ စားပါ"

"ကတိတည်ပါစေ၊ ငါ သည်ကပဲ စောင့်မယ်၊ သွား"

သတို့သမီးသည် ဘီလူးထံမှ အလျင်အမြန်ထွက်လာ သည်။ မောင်နှင့်အမည်တူ လုလင်၏အိမ်သို့ရောက်လျှင် အိမ် တံခါးကိုခေါက်၍ နှိုးသည်။ လုလင် အံ့အားသင့်နေ၏။ သူ မြတ်နိုးသောမိန်းမပျိုသည် လှပစွာဆင်ယင်လျက် သူ့ထံသို့ ရောက်နေပါပြီတကား။

သို့သော် လုလင်သည် ပညာရှိဖြစ်၏။ ကာမသုမိစ္ဆာ စာရက်ကို ကြဉ်၏။

"လင်ရှိပါလျက်နဲ့ ငါ့ဆီလာတာဟာ မိန်းမယုတ်ပဲ၊ သည်လို အကျင့်ယုတ်ပေမယ့် ကတိတည်တယ်၊ ဒါကြောင့် နမ အရာထားသင့်တယ်"ဟူ၍ တွေးတောဆင်ခြင်မိသည်။ သို့ကြောင့် သတို့သမီးအား ပြောသည်။

"သင်ဟာ ကတိသစ္စာတည်ပါပေတယ်။ နမအရာထား ပြီး ခွင့်လွှတ်တယ်။ သင့်ရဲ့ တရားဝင်လင်ထံသို့ သန့်သန့်ရှင်း ရှင်း ပြန်နေပေတော့"

သတို့သမီးသည် တရားဝင်ယောကျ်ားထံသို့ မှုတစ်ပေါက် မစွန်းဘဲ ပြန်လာခဲ့ရာ ကြို့ပင်အောက်သို့ ရောက်လာသည်။ ဘီလူးသည် ချက်ချင်းဆင်းလာပြီး မစားဝံ့ချေ။

"အို- သတို့သမီး၊ သေမယ်ဆိုတာ သိပါလျက်နဲ့ ရောက်လာတဲ့ ကတိသစ္စာရှင်ကို ငါ မစားရဲဘူး၊ စားရင် အပြစ် ဖြစ်လိမ့်မယ်။ ချမ်းချမ်းသာသာ သွားတော့"

www.burmeseclassic.com

www.burmeseclassic.com



ဘီလူးက လွှတ်လိုက်ကြား ဓားပြ ကျန်သေးသည်။

သတို့သမီးသည် ဓားပြထံအရောက်တွင် လုလင်ထံမှ ပြန်လာပုံ၊ ဘီလူးလက်မှ လွှတ်လာပုံတို့ကို ရှင်းပြ၏။ ဓားပြလည်း တုန်လှုပ်သွား၏။

"အလိုလေး မင်းဟာ ငယ်ရွယ်နုနယ်ပေမယ့် ကတိသစ္စာကို အသက်နဲ့လဲပြီး စောင့်ထိန်းသူပါတကား။ သည်လို သူတော်ကောင်းကို ငါ မပြစ်မှားကောင်းဘူး။ ကဲ သူငယ်မ သွားပေတော့"

ဤသို့ဖြင့် သတို့သမီးသည် သတို့သားထံသို့ ပြန်လည်ရောက်ရှိသွားလေ၏။

ပုံပြင်ကား ဆုံးသွားပြီ။

ထိုအခါ ဇော်ဂျီသီတာက ကြမ္မာဒိုက်မင်းကြီးအား လျှောက်ထား၏။

"အရှင်မင်းကြီး မင်္ဂလာဦးညမှာ စိတ်ကို ချုပ်တည်းသည်းခံပြီး လွှတ်လိုက်တဲ့သတို့သား၊ မိမိမြတ်နိုးတဲ့မိန်းမ မိမိထံ ရောက်လာပါလျက် ပြန်လွှတ်လိုက်တဲ့ လုလင်။ အစာကို လက်လွှတ်ခံတဲ့ဘီလူး၊ ကြုံတောင့်ကြုံခဲ အဖိုးတန်အဝတ်တွေ ရပါလျက်နဲ့ မယူတဲ့ဓားပြ။ သည်လေးဦးမှာ ဘယ်သူဟာ သည်းအခံနိုင်ဆုံး အချုပ်တည်းနိုင်ဆုံးပါလဲ ဘုရား"

ကြမ္မာဒိုက်မင်းကြီးကား တရားစီရင်ရေး၌ မွေ့လျော်သူဖြစ်သည်နှင့်အညီ အမှုအခင်းကို ကြားနာရလျှင် သည်းခံနိုင်စွမ်းမရှိသူပီပီ–



"သူ့ဥစ္စာကို လုယက်ပြီး အသက်မွေးသူဟာ သူယုတ်မာပဲ။ သို့ပါလျက်နဲ့ အဖိုးတန်ဝတ်ကောင်းစားလှတွေကို မယူဘဲ လွှတ်လိုက်တဲ့အတွက် ဓားပြဟာ သည်းခံခြင်းနဲ့ အပြည့်စုံဆုံးသူ ဖြစ်တယ်"

ဟု အဆုံးအဖြတ် ပေးလိုက်လေ၏။

မင်္ဂလာချင်အောင်

www.burmeseclassic.com